ကတညုတာ စေတ် မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၂၈ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဇယ်ဂျ်ကိုစင်ဘာက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာဇယ်ဂျ်ကိုစင်ဘာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအနေဖြင့်ရေအားလျှပ်စစ်၊ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များစွာပိုင်ဆိုင်ထား ဒေသတွင်းနှင့်အိမ်နီးချင်းနိုင်ငံများအတွက် စွမ်းအင်ကဏ္ဍမှအထောက်အကူပြုနိုင် မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ-တရုတ်သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့်ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမဍကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊စာရင်းစစ်ချုပ်၊

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

"လမ်းသစ်၊ တံတားသစ်များ ထိရောက်စွာ အသုံးပြု ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်း" ခေါင်းကြီး(စာ-၂)

မကြိုစဖူး၊ ထူးထူးကဲကဲရရှိထားသော ငြိမ်းချမ်း တည်ငြိမ်မှု၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိ အဖြူရောင်ကို ပြည်ပြေး(ဝါ) ပုဆိန်ရိုး(ဝါ) ကိုယ့်ကိုယ်ကို ဒီမိုကရေစီရေးလှုပ်ရှားသူ နာမည်ခံပြီး နယ်ချဲ့ကြေးစားဘဝ ရောက်ရှိနေသော အမျိုးသား သစ္စာဖောက်များက အမည်းရောင်ဟု ဆိုနေကြ ပေသည်။

မောင်ပွင့်လင်း၏ **"အဖြူကို အမည်းဟု မြင်နေကြသူတို့ အကြောင်း"** ဆောင်းပါး(စာ-၃)

"ဩဂုတ် ၂၆ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၉၆၆ ဦး ရှိပြီ" နိုင်ငံတကာသတင်း(စာ-၄)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

လမ်းသစ်၊ တံတားသစ်များ ထိရောက်စွာအသုံးပြု ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဒေသဖွံ့ဖြိုးအောင်ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောရေးသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုပေါ်တွင် အဓိကတည်မှီလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍–

"တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဟာ အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးလာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မဖြစ်စေလိုတဲ့အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း"

မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်၏ အရှေ့၊ အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု၏ အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်း၊ ရထားလမ်းနှင့် တံတားကြီးများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

၎င်းတို့အနက် မကွေးတိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တံတားကြီး၊ တံတားငယ်ပေါင်း ၁၁စင်း၊ မြန်မာ့မီးရထားက မြစ်သာမြစ်ကူးတံတား၊ ဘွက်ကြီးတံတားနှင့် ယင်းချောင်းတံတားသုံးစင်း တည်ဆောက်ပေးပြီးဖြစ်၍ ပေ၁၈၀နှင့်အထက် တံတားစုစုပေါင်း ၁၄စင်း ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဩဂုတ်လ ၂၄ ရက်နေ့တွင် မကွေးတိုင်း သရက်ခရိုင် အထက်မင်းလှမြို့နယ် ရှမ်းတပ်ကြီးကျေးရွာအနီး ပုသိမ်–မုံရွာလမ်းပေါ်၌ ရွှေချောင်း(ပနီချောင်း)ကို ဖြတ်ပြီး အရှည်ပေ ၅၀၀ ရှိ ရွှေချောင်းတံတားကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသို့ တံတားကြီးများ တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ယခင်သွားလာမှုခက်ခဲသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသများသည် အရှေ့ဘက်ခြမ်း ဒေသများကဲ့သို့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။

ရွှေချောင်းတံတားကြီးကို ဖွင့်လှစ်ပေးနိုင်၍ မကွေးတိုင်းအတွင်းရှိ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ် အနောက်ခြမ်းနှင့် ငဖဲမြို့နယ်တောင်ဘက်ခြမ်းတို့ကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။ ကံမမြို့နယ်တွင် ၁၅၄ရွာ၊ မင်းတုန်းမြို့နယ်တွင် ၁၇၈ရွာ၊ မင်းလှမြို့နယ်တွင် ၁၅၇ရွာ၊ ငဖဲမြို့နယ်တွင် ၁၂၁ရွာ စုစုပေါင်းကျေးရွာ ၆၁၀၊ ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော် အလွယ်တကူ သွားလာရောင်းဝယ်ဖောက်ကားနိုင်စေရေး အကျိုးပြုတော့မည် ဖြစ်သည်။

ဤသည်ကား နိုင်ငံတော်၏ မွန်မြတ်သောစေတနာ၊ မှန်ကန်သော ဦးဆောင်မှုကြောင့် ပေါ်ထွက်လာသော အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။ ဒေသခံပြည်သူများက ယင်းအကျိုးရလဒ်ကောင်းများကို ထိရောက်စွာအသုံးပြုပြီး စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ယခုထက်ပိုမို၍ ဖိဖိစီးစီး ကြိုးပမ်းလုပ်ကိုင်သွားကြရန် ဖြစ်သည်။ ရွှေချောင်းတံတားကြီးကို ဖြတ်ကျော်၍ ပုသိမ်–မုံရွာလမ်းမကြီး ကတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများ တိုးတက်လုပ်ကိုင်နိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က လမ်းသစ်ကြီးများ၊ တံတားသစ်ကြီးများ စဉ်ဆက်မပြတ် တည်ဆောက်ဖောက်လုပ်ပေးမှုကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်၍ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေး တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီ ဝါခေါင်လပြည့် ပန်းပေါင်းစုံပူဇော်ပွဲ ကျင်းပမည် ကုသိုလ်ယူလှူဒါန်းလိုသူများ ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၇

ရွှေတိဂုံစေတီတော် ၁၃၆၆ ခုနှစ် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ဩဂုတ်၃၀ ရက် ဝါခေါင်လပြည့်နေ့(မေတ္တာအခါတော်နေ့) နံနက်၇ နာရီတွင် ပန်းစေတီများအား အခမ်းအနားဖြင့် လှည့်လည်၍ မုခ်လေးမုခ်ရှိ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ဆက်ကပ်ပူဇော်ပြီး နံနက် ၉ နာရီခွဲတွင် နိုင်ငံတော် ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ မေတ္တာအခါတော်နေ့ဆိုင်ရာ တရားတော်များကိုနာကြားကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင်

ယင်းနေ့မွန်းလွဲ၁ နာရီတွင် ဘာသာရေးအသင်းအဖွဲ့များက မေတ္တာသုတ် ပါဠိတော်များကို ရွှေတိဂုံစေတီတော်ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စုပေါင်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့က ပန်းပေါင်းစုံတို့ကို ဂေါပကအဖွဲ့နှင့် ဆက်သွယ်၍ ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာအခါတော်နေ့တရားတော် အသံလွှင့်မည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ) အမှူးပြုသော ဆရာတော်ငါးပါးတို့က ၁၃၆၆ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဩဂုတ် ၃၀ရက် တနင်္လာနေ့နံနက် ၇နာရီတွင် "မေတ္တာအခါတော်နေ့တရားတော်"ကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့အရှေ့ ရွှေဘုံသာကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက "ကောင်းကံကိုထမ်း ကောင်းသန္ဓေတည် ကောင်းလမ်းကိုလျှောက်လှမ်းကြစို့ တရားတော်"ကိုလည်းကောင်း အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကုတ် ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၇

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ (၂၉၈)၏ (၄၁)ကြိမ်မြောက် တရားစခန်းကို ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၆) ဘုရင့်နောင်လမ်း သီရိမင်္ဂလာဝင်္ကပါဘုရားကျောင်း (တပ်ဦး)တွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများသည် ဩဂုတ် ၃၀ရက် (တနင်္လာနေ့) ညနေ ၄နာရီ အရောက် လာကြရမည်ဖြစ်ပြီး တရားစခန်းကို ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

တံခွန်စိုက်ဆုချီးမြှင့်

ဩဂုတ် ၂၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဒွါဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ခရိုင်တံခွန်စိုက်ဆုရရှိသော ဗဟန်းမြို့နယ်အား တံခွန်စိုက်ဆုချီးမြှင့်စဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၈–၈–၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဆပ္ပါဏကောပမသုတ်"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Management Science in Decision Making (စီးပွားစီမံ)
၅း၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း–၃၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ English Premier League ဘောလုံးပွဲ Norwith City Vs Arsenal

အဖြူကို အမည်းဟု မြင်နေကြသူတို့ အကြောင်း

အဖြူရောင်ပစ္စည်းတစ်ခု ဆွတ်ဆွတ်ဖြူနေပါလျက် အမည်းဟုမြင်လျှင် ထိုသူသည် အရောင်ကန်းသူ(Colour blind)တစ်ဦး၊ သို့မဟုတ် အမြင်မှန်မရှိသူတစ်ဦး၊ သို့မဟုတ် မျက်စိအာရုံ ချို့တဲ့သူတစ်ဦးသာလျှင် ဖြစ်ပေလိမ့်မည်။

အရောင်ကန်းသူလည်းမဟုတ်၊ မျက်စိအာရုံ ချို့တဲ့ချွတ်ယွင်းသူလည်း မဟုတ်၊ ရိုးရိုးသားသားအမြင်မှား၊ ထင်မှတ်မှားသူလည်း မဟုတ်ဘဲ အဖြူကို အမည်းဟုဆိုသူ၊ သို့မဟုတ် အမည်းကိုအဖြူဟုဆိုသူကား ဦးနှောက်၊ သို့မဟုတ် စိတ်ထားနှလုံးသား ချို့တဲ့ချွတ်ယွင်းသူ၊ သို့မဟုတ် အဆိုးမြင်သူ (Pessimist) တစ်ဦး၊ သို့မဟုတ် မုသာဝါဒီ၊ တမင်အမှန်သိလျက်နှင့် အမှားဟု ဇွတ်အတင်း ဆိုနေသူ (Liar)˚ တစ်ဦးဖြစ်ပေမည်။

အဖြူကိုအဖြူမှန်းသိလျက် အမည်းဟုဖြောင်လိမ်ပြောဆိုသူသည် ဦးနှောက်ချွတ်ယွင်းသူမဟုတ်ပေ။ စိတ်ထားနှလုံးသား ချို့တဲ့ချွတ်ယွင်းသူ (စိတ်ထားယုတ်ညံ့သူ) တစ်ဦးပင်ဖြစ်လေသည်။ လူတို့တွင် တိရစ္ဆာန်တို့ထက်သာသော အရည်အသွေးတစ်ရပ်မှာ ဦးနှောက်အသိဉာဏ် ပိုမိုကောင်းမွန်ခြင်း၊ ထိုအသိဉာဏ်ကို ကျကျနနအသုံးချတတ်ခြင်းပင်ဖြစ်သည်။

အမှန်ကိုမသိခြင်းမှာ အလင်းမရခြင်း၊အမှောင်ဖုံးခံရခြင်းဖြစ်သည်။ လောကုတ္တရာ အသုံးအနှုန်းအရဆိုရလျှင် မောဟဖုံးလွှမ်းခြင်းပင် ဖြစ်သည်။ အမှန်မသိ၊အမှန်ကို မျက်ကွယ်ပြု၊ အမှားကိုဖက်တွယ်ထားသောသူသည် မောဟဖုံးလွှမ်းရုံမျှမက မှားယွင်းစွာ ဒေါသထွက်တတ်သည်။ တစ်ပြိုင်တည်းမှာပင် ဝိသမလောဘ ဝင်လာတတ်ပေသည်။ ဤသို့ အမှားအခြေခံသော လောဘ၊ ဒေါသ၊ မောဟဖုံးလွှမ်းသူများကို အမှောင်ထုလွှမ်းမိုးခံရသူ၊ အဝိဇ္ဇာ ဖုံးလွှမ်းခံရသူ၊ အလင်းမမြင်သူဟု ပြောရပေမည်။

အဖြူကိုအမည်းဟု သိသိနှင့်ပြောနေသူတို့သည် ဒေါသမှား၊ လောဘမှား ဖုံးလွှမ်းခံနေရသူများဖြစ်နေသည်ကို တွေ့နိုင်ပေသည်။ မိမိတို့ ကိုယ်ကျိုးစီးပွားသက်သက် အတ္တလွန်ဝါဒဖြင့် အကျိုးရလဒ်တစ်ခုခု မျှော်ကိုး၍ဖြစ်စေ၊ ဒေါသအာဃာတ လွှမ်းမိုးခံရ၍ဖြစ်စေ၊ အဖြူကိုအဖြူမဟုတ် အမည်းပါဟု ပြောနေကြရသည်များကို တွေ့နေရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာ အာဏာပိုင်နိုင်ငံ၊ တစ်မြေပေါ်အတူဖွား သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုး တစ်ရာကျော်၊ အရေအတွက်အားဖြင့် ၅၃ သန်းခန့်တို့၏ဆန္ဒ (ပင်လုံစိတ်ဓာတ်၊ ပင်လုံဆန္ဒ၊ ပင်လုံသန္နိဋ္ဌာန်) အရ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုကြီး ဖြစ်လေသည်။

မသမာလောဘဖြင့် သူတစ်ပါးနိုင်ငံ မြေနှင့်သယံဇာတ၊ ထွက်ကုန်များကို လုယက်သွေးစုပ်ရန်အတွက် ကျူးကျော်နယ်ချဲ့သော ကိုလိုနီဝါဒီတို့ လက်အောက်သို့ မြန်မာနိုင်ငံသည် ရာစုနှစ်တစ်ခုခန့်ကျရောက်၍ သွေးစုပ်ခံခဲ့ကြရသည်။ ဖိနှိပ်ချုပ်ချယ်ခံခဲ့ ကြရသည်။ မိမိတို့တွင် ရေကောင်း၊ မြေကောင်း၊ သယံဇာတ သဘာဝအရင်း အမြစ်ကောင်းပြည့်စုံပါလျက် မြန်မာတို့ဆင်းရဲမွဲတေခဲ့ရသည်။ ဤသည်မှာ နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသောကြောင့် ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၊ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် နိုင်ငံရေးဝါဒစုံ ရှိနေရသည်။ ပါတီစုံ၊ ဝါဒစုံခြင်းသည် ဒီမိုကရေစီ အင်္ဂါရပ်ဖြစ်သည်ဟု အနောက်နိုင်ငံကြီး များက ပုံစံသွင်းနေကြသည်။ ဝါဒစုံလေ အချင်းချင်း ဝိဝါဒကွဲလေ၊ ပဋိပက္ခဖြစ်လေဖြင့် ထိုနိုင်ငံများ ချည့်နဲ့ လာစေရန် ရည်ရွယ်ကြခြင်းသာဖြစ်သည်။ ထို အနောက် အင်အားကြီး ထိပ်သီး (ကိုလိုနီ လက်ဟောင်း လက်သစ် ဝါဒီများ၏) နိုင်ငံများ၌မူ လက်ဝဲ ကွန်မြူနစ်၊ ဆိုရှယ်လစ်ဝါဒကိုလုံးဝလက်မခံ၊ ကွန်မြူနစ် ပါတီကို ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီကပင် မတရား သင်း ကြေညာ၍ ဖျက်သိမ်းပစ်ခဲ့ပြီးဖြစ်သည်။ သို့ရာ တွင် ကျန်နိုင်ငံများ၌ ကား ဝါဒစုံ၊ ဗဟုဝါဒ (Pluralism) ရှိရမည်ဟု ပုံသွင်း (ကျောက်ချ)နေဆဲ ဖြစ်သည်။

ကိုယ့်နိုင်ငံနှင့် မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်၊ လေထုအတွင်း သယံဇာတမျိုးစုံရှိပါလျက် ကိုယ်မပိုင်၊ ကိုယ်တိုင် ထွန်ယက်စိုက်ပျိုး၍ ထွက်လာသော ကောက်ပဲသီးနှံကိုပင် ကိုယ်မပိုင်ဖြစ်နေရသဖြင့် တိုင်းရင်းသားစုံ မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ထံမှ လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေးရင်းပြီး ပြန်လည် တိုက်ယူခဲ့ကြရသည်။

ဤသို့ဖြင့် နှစ်တစ်ရာတိုင်တိုင် ဆုံးရှုံးခဲ့ရသော မြန်မာ့လွတ်လပ်ရေး(ဝါ) မြန်မာတို့ပိုင်ဆိုင်အပ်သော အချုပ်အခြာအာဏာ၊ တိုင်းခြားသားတို့ အဆီစားအသားမျိုခံနေရသော မြန်မာပိုင်ရေ၊ မြေ၊သဘာဝ သယံဇာတအရင်းအမြစ်များ၊ ထူးထူးခြားခြား ကြွယ်ဝလှသော ပတ္တမြားကျောက်သံ၊ စပါးကောက်နှံများ၊ မြန်မာတို့၏ ကိုယ့်နိုင်ငံကောင်းကျိုး ကိုယ်ဖန်တီးခွင့်တည်းဟူသော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်(ဝါ)မြန်မာတို့သာပိုင်ဆိုင်အပ်သော မြန်မာ့လူဘောင်၏ အခြေခံလူ့အခွင့်အရေး ပိုင်ဆိုင်ခွင့်၊ သို့တည်းမဟုတ် မြန်မာပိုင် မြန်မာ့ဒီမိုကရေစီကို မြန်မာတို့ ကျားကုတ်ကျားခဲ ပြန်လည်ရယူခဲ့ကြရသည်။

လွတ်လပ်ရေးဆုံးရှုံးရစဉ် တောင်ပေါ်မြေပြန့် ဒေသအနှံ့မှ တိုင်းရင်းသားများ လက်တွဲ၍ လွတ်လပ်ရေးကို ပြန်လည် ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ၁၈၂၄ ခုနှစ်(ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ)၊ ၁၈၅၂ခုနှစ် (ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ)၊ ၁၈၈၅ခုနှစ် (တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ) တို့တွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲ၊အလှမ်းဝေးသော ထိုတောင်ပေါ်မြေပြန့် တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး အချက်မပေး၊ ကြေညာစာ မကမ်းရ၊ မလှုံ့ဆော်ရပါဘဲ ရရာလက်နက် စွဲကိုင်ပြီး သူ့ကျွန်မခံစိတ်ဓာတ် အလိုအလျောက် တူညီစွာ ပေါက်ဖွားပြီး နယ်ချဲ့ကို ခုခံတွန်းလှန်ခဲ့ကြသည်။

မောင်ပွင့်လင်း

နယ်ချဲ့သမားတို့ ကောက်ကျစ်စွာကျင့်သုံးသော နည်းတစ်နည်းမှာ ၎င်းတို့ ကျွန်ပြုလိုရာ နိုင်ငံ၏ ခုခံအားလျော့ပါးစေသောနည်း ဖြစ်သည်။ ယင်းနည်းအရ ဒေသခံ အချင်းချင်းသွေးခွဲမည်၊ ဘိန်းဘင်းကစော်စသည့် မူးယစ်စေသောအရာများဖြင့် ဖြားယောင်း၊ ကျူးသွင်းဖျက်ဆီးခြင်းဖြင့် အရက်သမား၊ ဘိန်းစားများ ထူပြောစေမည်။ မိမိတို့ အမျိုးသားရိုးရာ၊ ယဉ်ကျေးမှု၊ စရိုက်လက္ခဏာများ ကင်းပျောက်စေရန် ၎င်းတို့၏ယဉ်ကျေးမှုနှင့် သွေးဆောင်မည်။

မည်သို့ပင်ဆိုစေ နယ်ချဲ့ခုခံရေး၊ သူ့ကျွန်မခံရေးတိုက်ပွဲများတစ်လျှောက် ဝိုင်အမ်ဘီအေ၊ဂျီစီဘီအေ၊ဒို့ဗမာအစည်းအရုံး ခေတ်စဉ်တစ်လျှောက် အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီ၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေးဇာတိမာန် ကိုယ်စီဖြင့် သွေးစည်းညီညွတ်စွာ လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ကြသည်။ ဤသည်ကို အမျိုးသားနိုင်ငံရေးဟုဆိုအပ်၏။

လွတ်လပ်ရေးပြန်လည်ရသည်အထိ မြန်မာတို့၏ သွေးစည်းညီညွတ်မှု၊ ဓွဲသတ္တိတို့ကား နယ်ချဲ့သမားပင် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဤသည်မှာ မြန်မာတို့၏ ဂုဏ်ဒြပ်အစစ်အမှန် အမွန်အမြတ် မြန်မာ့စိတ်ဓာတ်အရင်းဖြစ်သည်။

သို့သော်လည်း ဆန်အမျိုးအစားကောင်းသည့်တိုင် စပါးလုံး၊ ခဲ၊ စက်ချေးများ ရောနှောနေလေ့ရှိသဖြင့် ဆန်ရွေးခြင်း၊ ဆန်ပြာခြင်းကို အလုပ်တစ်ခုပမာ လုပ်နေကြရသည့် သဘာဝအတိုင်း မြန်မာမျိုးချစ်အများစုအကြား ခဲ၊ သလဲ၊ အဖျင်း၊ အမှော်၊ စက်ချေး၊ ဆန်ပျက်များ တွေ့ရတတ်ပေသည်။ အချုပ်တန်းဆရာဖေ၏ မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ အစချီတေးထပ်မှ-

"မြန်မာချင်း ကြွားကြချင်
ဓားပြသွင် လူဆိုး၊ ကုလားမြင် သူ့အမေရိုးတော့မလိုပ
ခုမြေလျှိုးပုန်းရှောင်
ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်
စာသင်တောင် ဒူးချလို့
ပလူးကြ ပြေးကြို့အခါခါ
ခွေးသို့ပမာ
တွေးမိတိုင်း အရိုးနာတယ်
အမျိုးပါ ဆဲချင်ပေါ့လေး"။

ဟူသော အမျိုးသားသစ္စာဖောက်၊ သစ္စာမဲ့ကိုယ်ကျိုးကြည့် နယ်ချဲ့အလိုတော်ရိများသည် သီပေါမင်းပါတော်မူစမှာပင် ရှိနေခဲ့သည်ကို သတိပြုမိပါသည်။ ထိုစဉ်က နယ်ချဲ့မျက်နှာဖြူများကို ကုလားဖြူများ၊ မိစ္ဆာများဟု ရှေးမြန်မာတို့က ခေါ်ဝေါ်သုံးနှုန်းခဲ့ကြပေသည်။

မြန်မာမျိုးချစ်များ အဖမ်းခံ၊ ထောင်ချခံ၊ ကြိုးပေးခံ၊ အသက်စွန့်ပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စဉ် နယ်ချဲ့၏ ငါးထောင်စား အမတ်နေရာကို စားကျက်လု၊ စားခွက်လုနေသူများကိုလည်း အစဉ်အဆက် တွေ့ခဲ့ကြရပြီး ဖြစ်သည်။ နယ်ချဲ့တို့ ရတနာပုံနေပြည်တော်ကို သိမ်းယူရန် စစ်သင်္ဘောများဖြင့် ဆန်တက်ရာတွင် နယ်ချဲ့သင်္ဘောဦး၌ နယ်ချဲ့အလိုတော်ရိ စကားပြန်မောင်ဘသန်းကို မင်းညီမင်းသားဝတ်စုံဖြင့် ထိုင်ခိုင်းကာ၊ မြစ်ကမ်း တစ်ဖက်တစ်ချက်မှ မြန်မာများကို နယ်ချဲ့တို့က လှည့်စားခဲ့သည်။

ဖက်ဆစ်တို့ သုံးနှစ်သုံးမိုး အုပ်စိုးသွားသောကာလများတွင်လည်း မျိုးချစ်တို့က ဖက်ဆစ်တော်လှန်ရေးအတွက် လုံးပန်းနေစဉ် ဖက်ဆစ်ကင်ပေတိုင်သတင်းပေးအလိုတော်ရိ သစ္စာဖောက်လောက်ကောင်များ ရှိခဲ့သည်။ မြန်မာ့တော်လှန်ရေးသမားများကို ဖက်ဆစ်တို့ ဖမ်းဆီးညှဉ်းပန်း သတ်ဖြတ်နိုင်အောင် ထိုကင်ပေတိုင် အလိုတော်ရိများက သတင်းပေးခဲ့ကြသည်။

ပင်လုံညီလာခံ(၁၉၄၇)တွင် တိုင်းရင်းသားများ၏သွေးစည်းမှုပြသနိုင်ခဲ့၍သာ ပြည်ထောင်စု လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေး ရသည့်နောက် နယ်ချဲ့သွေးခွဲမှု၊ နိုင်ငံရေးဂိုဏ်းဂဏစွဲများ ခေါင်းထောင်လာမှု၊ မိမိတို့အုပ်စု၊ ဂိုဏ်းဂဏအကျိုး၊ မိမိတို့အာဏာရရေး အဓိကထားပြီး အချင်းချင်းသွေးချောင်းစီးအောင် တိုက်ခဲ့ကြသည်။ စင်စစ်ထိုပြည်တွင်းရောင်စုံ လက်နက်ကိုင် သောင်းကျန်းမှုကြီးသည်ပင် နယ်ချဲ့တို့ ဖြစ်စေချင်သည့်အတိုင်း ဖြစ်လာခဲ့ရခြင်းပင်။ "ယာလည်းညက်စေ၊ ကြက်လည်း ပန်းစေ" ဟူသည့် နယ်ချဲ့ဗျူဟာ တစ်ရပ်ပင် ဖြစ်သည်။

ဤနေရာတွင် တစ်ခုဆင်ခြင်အပ်သော အကြောင်းတစ်ရပ် ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် နိုင်ငံရေးဝါဒစုံရှိနေရသည်။ ပါတီစုံ၊ ဝါဒစုံခြင်းသည် ဒီမိုကရေစီအင်္ဂါရပ်ဖြစ်သည်ဟု အနောက်နိုင်ငံကြီးများက ပုံစံသွင်းနေကြသည်။ ဝါဒစုံလေ အချင်းချင်းဝိဝါဒကွဲလေ၊ ပဋိပက္ခဖြစ်လေဖြင့် ထိုနိုင်ငံများ ချည့်နဲ့လာစေရန် ရည်ရွယ်ကြခြင်းသာဖြစ်သည်။ ထိုအနောက် အင်အားကြီး ထိပ်သီး(ကိုလိုနီ လက်ဟောင်းလက်သစ်ဝါဒီများ၏)နိုင်ငံများ ၌မူ လက်ဝဲ ကွန်မြူနစ်၊ ဆိုရှယ်လစ်ဝါဒကို လုံးဝလက်မခံ၊ ကွန်မြူနစ်ပါတီကို ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီကပင် မတရားသင်းကြေညာ၍ ဖျက်သိမ်းပစ်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ကျန်နိုင်ငံများ၌ကား ဝါဒစုံ၊ ဗဟုဝါဒ (Pluralism) ရှိရမည်ဟု ပုံသွင်း (ကျောက်ချ)နေဆဲဖြစ်သည်။

ဤဆောင်းပါးအစတွင် တင်ပြခဲ့သည့်အတိုင်း အဖြူကို အမည်းမြင်သော အဆိုးမြင်ဝါဒီများကို မျက်မှောက်ကာလ၌လည်း တွေ့မြင်နေရပေသည်။ ထိုသူတို့သည် မိမိအမိမြေ၊ မိခင်နိုင်ငံ၏ကျေးဇူးတရားကို မစောင့်စည်း၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာဖောက်ကာ အချုပ်တန်းဆရာဖေ၏ တေးထပ်ပါ လောက်ကောင်များအတိုင်း နယ်ချဲ့ကိုလိုနီဝါဒီများထံ ပြေးကြို့ခါခါ ဖြစ်နေကြသည်။ ထိုသူတို့ကို စာနယ်ဇင်းများက ပြည်ပြေးများ ဟု ကင်ပွန်းတပ်သည်။ ပြည်သူ့သဘောထားလေးရပ်တွင်မူ ပြည်သူတို့က "ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီ"ဟု ကင်ပွန်းတပ်ထားသည်။

ယနေ့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာလျက်ရှိသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခွန်အားသည်လည်း ပြည့်ဖြိုးကြံ့ခိုင်လျက်ရှိသည်။ နိုင်ငံအနှံ့ လမ်း၊ တံတား၊ ဆည်၊ တမံ၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံ ဆေးခန်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လူနေအိမ်ရာအသစ်များ လက်ညှိုးထိုးမလွဲ တိုးတက်ဖြစ်ထွန်းနေသည်။ နိုင်ငံစီးပွားရေးလည်း နည်းမှန်လမ်းမှန်ဖြင့် တိုးတက်လျက်ရှိသည်။ ဘာသာ၊ သာသနာရေး၌လည်း အံ့မခန်း တိုးတက်လာသည်။ မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ တိကျမှန်ကန်မှုကြောင့် နိုင်ငံတကာနှင့်လည်း ရင်းနှီးချစ်ကြည်စွာ အကျိုးတူ ကိစ္စရပ်များ၊ ဒေသအကျိုးစီးပွား၊ ကမ္ဘာ့အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

မကြုံစဖူး၊ ထူးထူးကဲကဲ ရရှိထားသော ငြိမ်းချမ်းတည်ငြိမ်မှု၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများ၏ ပကတိအဖြူရောင်ကို ပြည်ပြေး (ဝါ) ပုဆိန်ရိုး (ဝါ) ကိုယ့်ကိုယ်ကို ဒီမိုကရေစီရေးလှုပ်ရှားသူ နာမည်ခံပြီး နယ်ချဲ့ကြေးစားဘဝ ရောက်ရှိနေသော အမျိုးသားသစ္စာဖောက်များက အမည်းရောင်ဟုဆိုနေကြပေသည်။ ထိုအဆိုးမြင်သူတို့အဆိုအရ မြန်မာနိုင်ငံကြီး တစ်ခုမှ ရစရာမရှိတော့ပေ။ နယ်ချဲ့ဝါဒဖြန့် မီဒီယာများကို သူတို့က အသုံးချလိုက်၊ နယ်ချဲ့မီဒီယာများက ပြည်ပြေးသစ္စာဖောက်များကို အသုံးချလိုက်နှင့် အတိုင်အဖောက်ညီနေကြပေသည်။

မြန်မာတို့သည် ယခုအခါ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အေးချမ်းစွာ၊ ခေတ်မီဖွံ့ဖြိုးစွာ ရောက်ရှိအောင် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး မဆုတ်မနစ် တည်ဆောက်နေပေသည်။ အမျိုးသားညီလာခံကြီး ပြန်လည်စတင်ကျင်းပခြင်းသည် မူဝါဒလမ်းစဉ် (၇)ရပ်အနက် နံပါတ်(၁)၊ ပထမဆုံးပွဲဦးထွက်လုပ်ငန်းစဉ် ဖြစ်ပေသည်။

ပြည်ပက မလိုတမာ ကိုလိုနီနယ်ချဲ့ဝါဒီများနှင့် အမျိုးသားသစ္စာဖောက်ပုဆိန်ရိုးများ နည်းမျိုးစုံသုံး နှောင့်ယှက်နေသည့်ကြားမှ နိုင်ငံတော်၌ ဤမျှအေးချမ်းဖွံ့ဖြိုးတိုးတက်လာနေခြင်းမှာ အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကား၊ ညီညွတ်မှု ခွန်အားတို့ကြောင့် ဖြစ်လေသည်။

အဖြူကို အဖြူဟု မြင်သူချင်း စည်းလုံးပေါင်းစည်း၊ လက်တွဲမိခြင်းသာ ဖြစ်လေသည်။ အဖြူကို အမည်းဟုမြင်သူ၊ မြင်ချင်သူ၊ မြင်ပြနေသူများသည် မြန်မာပြည်သူတစ်ရပ်လုံး၏ စွန့်ပယ်ခံဘဝမှာပင် နေကြပေဦးတော့ဟု ဆိုလိုက်ချင်ပါသည်။ ။

အထက(၃)ဗိုလ်တထောင်၏ ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကိုအဆိုပါ သစ္စာဆောင်ခန်းမ၌ ဩဂုတ် ၂၀ က ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသား တစ်ဦးအား ကျောင်းအကျိုးတော်ဆောင် ဒေါ်ခင်ခင်စိန်က ပညာရည်ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။
(က-ပ)

ဩဂုတ် ၂၂ ရက်က ကျောက်တံတားမြို့နယ်အမှတ်(၉) ရပ်ကွက်တွင် "ချမ်းမြေ့ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်" ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(ခရိုင်ပြန်/ဆက်)

အီရတ်ရှေးဟောင်းပစ္စည်းနှင့် ပန်းချီကား ၆၀၀ ဂျော်ဒန်နိုင်ငံတွင် သိမ်းဆည်းရမိထား

အမ္မန် ဩဂုတ် ၂၆

အီရတ်ရှေးဟောင်းပစ္စည်းနှင့် ပန်းချီကား ၆၀၀ ခန့်ကို ၂၀၀၄ ခုနှစ် ဧပြီလကစပြီး ဂျော်ဒန်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အယ်လ်အာရပ်အယ်လ်ယောမ် သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဘောဘီလုံခေတ်

အဆိုပါ ဘီစီ ၃၀၀၀ က ပစ္စည်းများထဲမှ အချို့ပစ္စည်းများနှင့် အခြားပစ္စည်းများသည် ဘောဘီလုံခေတ်မှဖြစ်ကြောင်း ဂျော်ဒန်ရှေးဟောင်းအမွေအနှစ်ဆိုင်ရာဌာနမှ အထွေထွေမန်နေဂျာ ဖာဝါဇ်ခူရီရှာက ပြောသည်။

ပြန်ပို့မည်

အဆိုပါ သိမ်းဆည်းရမိခဲ့သော ရှေးဟောင်းပစ္စည်းများကို ရှေးဟောင်းအမွေအနှစ်ဆိုင်ရာဌာနက အထူးသိမ်းဆည်းထားပြီး သင့်လျော်သည့်အချိန်တွင် အီရတ်အစိုးရထံသို့ ပြန်ပို့မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဩဂုတ် ၂၆ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၆၆ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၂၆ ရက် ကြာသပတေးနေ့အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၉၆၆ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။ ယင်းအနက် ၇၂၃ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၄၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီသေဆုံးခဲ့ကြသည်ဟု ဆိုသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၈၂၈ဦးဖြစ်ပြီး ယင်းအနက် ၆၁၄ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။**(အင်တာနက်)**

အာဖဂန်တွင် ကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် လူသုံးဦး သေဆုံး

ကဘူးလ် ဩဂုတ် ၂၃

ယောက်ျားတစ်ဦးနှင့် မိန်းမနှစ်ဦးသည် ၎င်းတို့၏ကား စစ်ဆေးရေးစခန်းတစ်ခုကို ဖြတ်မောင်းခဲ့ပြီးနောက် အာဖဂန်နှင့် အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် စနေနေ့က သေဆုံးသွားခဲ့သည်။

အခြားယောက်ျားတစ်ဦးနှင့် မိန်းမတစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး နို့စို့အရွယ်ကလေးငယ်မှာမူ ဒဏ်ရာရခြင်းမရှိဟု ဆိုသည်။ တပ်ဖွဲ့ဝင်များက အဆိုပါယာဉ်အတွင်း၌ လက်နက်များ ရှာဖွေတွေ့ရှိခြင်းမရှိပေ။

သေနတ်ပစ်ခတ်မှုမှာ ကဘူးလ်မြို့တောင်ဘက် ဂက်ဇ်နီမြို့အနီး အာဖဂန်နှင့် အမေရိကန်အပေါင်းပါတပ်ဖွဲ့ဝင်များ ပူးတွဲတာဝန်ယူထားသော စစ်ဆေးရေးစခန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိခဲ့ကြသူများနှင့် ကလေးငယ်ကို ကဘူးလ်မြောက်ဘက်ရှိ ဘာဂရမ်လေယာဉ်ကွင်းသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်သို့ တပ်ဖွဲ့ဝင်များ နောက်ထပ် မစေလွှတ်ဟု ဖိလစ်ပိုင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောကြား

မနီလာ ဩဂုတ် ၂၆

အီရတ်နိုင်ငံတွင် နောက်ထပ် လူသားချင်းစာနာသည့်တပ်ဖွဲ့ကို ဖိလစ်ပိုင်နိုင်ငံက စေလွှတ်မည်မဟုတ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာန (ဒီအက်ဖ်အေ)က ဗုဒ္ဓဟူးနေ့၌ ရှင်းရှင်းလင်းလင်း ပြောကြားလိုက်သည်။

အီရတ်သို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဆိုသောသတင်းနှင့်စပ်လျဉ်း၍ အသစ်ခန့်အပ်သည့် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမြူလိုက ထိုကိစ္စကို အနာဂတ်၌ စဉ်းစားမည်ဟု မိမိကြိုမမြင်ကြောင်း ပြောကြားသည်။

အချိန်စော

အယ်လ်ဘာတိုရိုမြူလို အလျင်နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့သူ ဒီလီယာ အဲလ်ဘတ်က ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်တွင် အီရတ်သို့ နောက်ထပ်တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရိုမြူလိုက ထိုကိစ္စကို ယခုအချိန်၌ ဆွေးနွေးရန်မှာ အချိန်စောမည်ဖြစ်ကြောင်း ပြောဆိုသည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ ဖမ်းဆီးခြင်းခံရသော ဖိလစ်ပိုင် ထရပ်ကားယာဉ်မောင်း လွတ်မြောက်ရေးအတွက် တပ်ဖွဲ့ဝင် ၅၁ ဦးကို ရုပ်သိမ်းခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံအား အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်စာရင်းမှ ပယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ၌ အဆောက်အအုံတစ်ခု မီးလောင်ပြီး မီးခိုးလုံးများတက်နေသည်ကို ဩဂုတ် ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရ

ကူဖာမြို့တွင် စိန်ပြောင်းကျည်ထိမှန်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးအား ဆေးရုံသို့ပို့ဆောင်ရန် ပြင်ဆင်နေသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံအတွင်း နောက်ထပ် ဝင်ရောက်လာသည့် နီပေါ ၁၄ဦး ဖမ်းဆီးခြင်းခံရကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား

ခတ္တမန္ဒူ ဩဂုတ် ၂၆

အီရတ်တွင် ခုခံတိုက်ရေးသမားများက နီပေါ ၁၂ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားချိန်မှာပင် အီရတ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသော အခြားနီပေါ ၁၄ဦး အီရတ်၌ဖမ်းဆီးခံခဲ့ရကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

အီရတ်တွင် နီပေါ ၁၄ဦး အဖမ်းခံရကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ အသေးစိတ်သိအောင် မိမိတို့ကြိုးပမ်းနေကြောင်း၊ နယူးဒေလီရှိ အီရတ်သံရုံးက သတင်းပို့ခဲ့သည်ဟု နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပေးပို့

ထိုအတောအတွင်း နီပေါအစိုးရက နီပေါဓားစာခံများ လွတ်မြောက်ရေးအတွက် အသေအချာကြားဝင် စေ့စပ်ပေးရန် အီရတ်အစိုးရထံ မေတ္တာရပ်ခံထားသည့် စာတစ်စောင်ကို ပေးပို့ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများထံမှ အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာ ယခုထိမရသေးကြောင်း၊ အီရတ်တွင် စစ်ရေးအထောက်အကူပြုမှု၌ မပါဝင်ခဲ့သော နီပေါဓားစားခံများ လွတ်ရေးအတွက် တိုက်ရိုက်သို့မဟုတ် တစ်ဆင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများထံ မေတ္တာရပ်ခံဖို့ နီပေါအစိုးရက အသင့်ရှိကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နျူကလီးယားနည်းပညာ အေးချမ်းစွာသုံးစွဲခွင့်ရှိ အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

တီဟီရန် ဩဂုတ် ၂၅

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် အစီအစဉ်မရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲလ်ကာရာဇီက ပြောကြားလိုက်သည်။

သို့သော် အီရန်သည် နျူကလီးယားနည်းပညာကို အေးချမ်းစွာ အသုံးပြုခွင့်ရှိကြောင်း ကာရာဇီက အခိုင်အမာ ပြောကြားခဲ့သည်။

ပြောကြား

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ရရှိရန်အတွက် နယူးဇီလန်နိုင်ငံဝယ်လင်တန်မြို့တော်သို့ ရောက်ရှိနေသည့် ကာရာဇီက ၎င်း၏ ခရီးစဉ်အတွင်း ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီးကလည်း အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုပြုရန် တောင်းဆိုပြောကြားခဲ့သည်။

ဆန့်ကျင်

ထို့အပြင် နျူကလီးယားပြန့်ပွားမှုနှင့် နျူကလီးယား လက်နက်များ အစုလိုက် အပြုံလိုက် ပိုင်ဆိုင်ထားနိုင်ရန် နျူကလီးယား လက်နက်ခေတ် ဆက်လက်ဖြစ်ပေါ်နေမှုကို ပြင်းထန်စွာ ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။ **(စီစီတီဗွီ)**



နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များအား ပစ်ခတ်နေသော အီရတ်ပြောက်ကျား တစ်ဦးကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီတပ်များ အီရတ်မှ ရုပ်သိမ်းကြောင်း ကြေညာရန် အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုက ၄၈ နာရီ အချိန်ပေးထား

ဒိုဟာ ဩဂုတ် ၂၅

အီရတ် ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက အီတလီသတင်းစာဆရာအား ဓားစာခံအဖြစ်ဖမ်းဆီးထားသည့် ဗီဒီယိုတိပ်ခွေကို ထုတ်ပြန်လိုက်ပြီး ယင်းတိပ်ခွေ၌ အီရတ်မှ အီတလီတပ်များ ရုပ်သိမ်းကြောင်းကြေညာရန် အီတလီနိုင်ငံကို ၄၈ နာရီအချိန်ပေးလိုက်ကြောင်း ပြောကြားထားသည်။

ယင်းတိပ်ခွေကို အယ်လ်ဂျာ ဇီယာက ထုတ်လွှင့်ပြသခဲ့ရာ ဓားစာခံ မှာ အပတ်စဉ်ထုတ် ဒိုင်ယာရီယိုဒဲလ် လာဆက်တီမာနာ သတင်းစာမှ သတင်းထောက် အင်ဇိုဘောလ်ဒိုနီဖြစ် ကြောင်း၊ အီတလီရုပ်မြင်သံကြား က အတည်ပြုခဲ့သည်။ ၎င်းသည် ကြာသပတေးနေ့ကစပြီး ပျောက်ဆုံးနေခဲ့သည်။

ထုတ်လွှင့်

ဓားစာခံက မိမိမှာ အီတလီမှ အင်ဇိုဘောလ် ဒိုနီဖြစ်ကြောင်း၊ သတင်းစာဆရာတစ်ဦးဖြစ်ကြောင်း၊ လူမှုရေးကိစ္စနှင့်ကြက်ခြေနီကိုလည်း အကူအညီပေးခဲ့ကြောင်း ပြောကြားခဲ့ရာ ၎င်း၏ပြောဆိုချက်များကို အာရာဘစ် စကားဖြင့် ထုတ်လွှင့်ခဲ့သည်။

တုံ့ပြန်

အဆိုပါ ခုခံတိုက်ခိုက်ရေးအုပ်စု၏ တောင်းဆိုချက်ကိုအီတလီအစိုးရ က ရာဇသံပေးလင့်ကစား အီရတ်၌ရှိသော အီတလီတပ်ဖွဲ့ဝင် ၃၀၀၀ကို ထားမြဲထားမည်ဖြစ်ကြောင်း မြန်မြန်ထက်ထက်ပင်တုံ့ပြန်ခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း

အဘူဂရိုက်အကျဉ်းစခန်း၌ ညှဉ်းပန်းနှိပ်စက်မှုအစီရင်ခံစာ စစ်ဆေးရေးကော်မတီက တွေ့ရှိချက်များ ထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ် အဘူဂရိုက်အကျဉ်းစခန်း၌ဖြစ်ပွားခဲ့သော အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်ညှဉ်းပန်းမှုများကို စစ်ဆေးခဲ့သည့်ကော်မတီက ၎င်း၏တွေ့ရှိချက်အစီရင်ခံစာကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ယင်းအစီရင်ခံစာအရ ညှဉ်းပန်းမှုကျူးလွန်သူ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီအပေါ်၌ တိုက်ရိုက်တာဝန်ရှိကြောင်း ဖော်ပြထားသည်။

ယခုအခါ တရားစွဲဆိုခြင်းခံထားရသူ အမေရိကန်တပ်ဖွဲ့ဝင်များမှ တစ်ဦးကို ယမန်နေ့က ပဏာမကြားနာစစ်ဆေးမှုပြုလုပ်လျက်ရှိသည်။ ယခုအစီရင်ခံစာမှာ စည်းကမ်းမလိုက်နာသူ အမေရိကန်တပ်ဖွဲ့ဝင်များရှိနေပြီး ၎င်းတို့၏ ဆိုင်ရာတပ်မှူးများ၏ ကြပ်မတ်မှုလည်း လစ်ဟာလျက်ရှိကြောင်း ဖော်ပြထားသည်။

အဘူဂရိုက်အကျဉ်းစခန်းမှ စစ်ရဲတပ်ဖွဲ့ဝင်များ ကျွမ်းကျင်မှုမရှိသလို အထက်မှကြီးကြပ်မှုလည်း များစွာလိုအပ်လျက်ရှိကြောင်း ထောက်ပြထားကာ ထိပ်တန်းခေါင်းဆောင်များအနေဖြင့် စစ်ရဲများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားသင့်ကြောင်း ဖော်ပြထားသည်။

အီရတ်ရှိ ယခင်အမေရိကန်တပ်မှူး ဆန်ချေ့စ်သည် အကျဉ်းစခန်းအားမည်သူဦးစီးရမည်ဆိုခြင်းနှင့်စစ်ဆေးရေးမူဝါဒများ တိကျစွာသတ်မှတ်ပေးခြင်းမရှိကြောင်း ပြစ်တင်ဖော်ပြထားသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် သို့မဟုတ် တွဲဖက်စစ်ဦးစီးချုပ် အကြီးအကဲ ဗိုလ်ချုပ်ရစ်ချက်မိုင်ယာတို့ အလုပ်မှ နုတ်ထွက်သင့်ကြောင်း စစ်ဆေးရေးအဖွဲ့ဝင်များက အစီရင်ခံစာ၌ဖော်ပြမထားကြောင်း သိရသည်။

(စီအင်န်အင်န်)

နီပေါ ဓားစာခံများ လွတ်မြောက်ရေးကူညီရန် အယ်လ်ဂျာဇီယာ ရုပ်သံအား နီပေါအစိုးရတောင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခြင်းခံခဲ့ရသော နီပေါလူမျိုး ၁၂ဦး ပြန်လည်လွတ်မြောက်ရေး၌ ပါဝင်ကူညီပေးရန် အယ်လ်ဂျာဇီယာရုပ်သံလွှင့်ဌာနအား နီပေါနိုင်ငံက တောင်းဆိုလိုက်သည်။ အယ်လ်ဂျာဇီယာရုပ်သံလွှင့်ဌာနအနေဖြင့် ဓားစာခံများအား ဖမ်းဆီးထားသည့် လက်နက်ကိုင်အုပ်စုနှင့် ဆက်သွယ်ကူညီမှုပေးရန် နီပေါအစိုးရက တောင်းဆိုထားကြောင်း နီပေါအစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ဂျိုက်ရှ်အန်ရာအာစုနက်ဟုခေါ်သော ခုခံတိုက်ခိုက်ရေးအုပ်စုက ဝက်ဘ်ဆိုက်ဒ်တစ်ခုမှ ယမန်နေ့က ပြောကြားခဲ့ရာတွင် ဖမ်းဆီးထားသူများသည် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုကြောင့် ဖမ်းဆီးခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်တို့ တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဘေးလွတ်ရာသို့ ရှောင်တိမ်းလာသော အီရတ်ပြည်သူများကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ရှန်ကျင်းမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်

ရှန်ကျင်း ဩဂုတ် ၂၄

တရုတ်နိုင်ငံကွမ်တုန်ပြည်နယ်ရှိ ရှန်ကျင်းမြို့သို့ ယခုနှစ်ပထမခြောက်လတွင် ပင်လယ်ရပ်ခြားခရီးသွား ၁၀ ဒသမ ၄ သန်းလာရောက်လည်ပတ်ခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၃၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အဆိုပါ ရှန်ကျင်းမြို့သည် ကမ္ဘာလှည့်ခရီးသွား တိုးတက်မှုနှုန်းတွင် တရုတ်နိုင်ငံ၌ ထိပ်ဆုံးမှရှိသော မြို့ကြီးများအနက် ပထမနေရာ၌ ရှိကြောင်း ရှန်ကျင်းမြို့ခရီးသည်လုပ်ငန်းဗျူရို သတင်းရပ်ကွက်များက ပြောကြားသည်။

အဆိုပါ သတင်းရပ်ကွက်များအဆိုအရ ပင်လယ်ရပ်ခြားကမ္ဘာလှည့်ခရီးသွားအများစုသည် ဖျော်ဖြေည့်ခံမှု၊ ရှုခင်း၊ မိဆွေများထံအားလပ်ရက်ခရီးထွက်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် လာရောက်ကြခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ပြန်ပေးသမားတို့ဖမ်းထားသော လက်ဘနွန်လူမျိုး တစ်ဦးအား ပြန်လွှတ်ပေး

ဘေရွတ် ဩဂုတ် ၂၄

လက်ဘနွန်လူမျိုးတစ်ဦးအား အီရတ်တွင် ဖမ်းဆီးထားသော ပြန်ပေးသမားများက ထိုလက်ဘနွန်လူမျိုးကို လွှတ်ပေးလိုက်ကြောင်း ကြေညာထားသည့် ဗီဒီယိုတိပ်ခွေကို ဘေရွတ်မြို့ရှိ ရုပ်မြင်သံကြားဌာနတစ်ခုက ထုတ်လွှင့်ပြသခဲ့သည်။

မိုဟာမက်ရက်ဒ် (၂၇) နှစ်အား လွှတ်ပေးလိုက်ကြောင်း ပြန်ပေးသမားများ ပြောကြားထားသည့် ဗီဒီယိုတိပ်ခွေကို အယ်လ်ဘီစီ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့ခြင်းဖြစ်သည်။

တိုက်တွန်း

ထို့ပြင် ပြန်ပေးသမားများက ယင်းတိပ်ခွေထဲ၌ ရက်ဒ်သည် အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်များအတွက် လုပ်ကိုင်ပေးခဲ့ကြောင်း စွပ်စွဲထားပြီး အီရတ်ရှိ သိမ်းပိုက်ရေးတပ်များနှင့် လက်ဘနွန်လူမျိုးတို့ ပူးပေါင်းဆောင်ရွက်မှု ရပ်ဆိုင်းကြရန်လည်း တိုက်တွန်းလိုက်သည်။

ရက်ဒ်သည် လက်ဘနွန် အရှေ့ပိုင်းဘက်ဒ်နာယဲလ်မှနေ၍ အီရတ်ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စု၏ ပြန်ပေးဆွဲခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

လက်ဘနွန်ရှိ မိမိတို့၏ ညီအစ်ကိုတော်များအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက သိမ်းပိုက်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သူများအားလုံးကို သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်ဟု စဉ်းစားကြောင်းကို အသိပေးလိုသည်ဟု ပြန်ပေးသမားများက ပြောကြားထားသည်။ **(အင်တာနက်)**

စင်ကာပူ တိုက်ဂါး အဲယားဝေး ရှေ့လတွင် ခရီးစဉ်စတင်ပျံသန်းမည်

စင်ကာပူ ဩဂုတ် ၂၃

စင်ကာပူလေကြောင်း လိုင်းတစ်လိုင်းဖြစ်သော တိုက်ဂါးအဲယားဝေးသည် အာဏာပိုင်များထံမှ ပျံသန်းခွင့်လိုင်စင်ကို တနင်္လာနေ့က ရရှိခဲ့ပြီးနောက် ရှေ့လတွင် ယင်း၏ပျံသန်းရေးခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ဂါးလေကြောင်းလိုင်း၏ ပင်မအစုရှယ်ယာဝင်မှာ စင်ကာပူအဲယားလိုင်း(အက်စ်အိုင်အေ)ဖြစ်ပြီး ထိုတိုက်ဂါးလေကြောင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဦးဆုံးပျံသန်းမည်ဖြစ်သည်။

ဗန်ကောက်သို့ စက်တင်ဘာလ မှစပြီး နေ့စဉ်သုံးကြိမ်ပျံသန်းမည့်အပြင် ထိုင်းနိုင်ငံရှိ ဖူကတ်နှင့် ဟတ်ယေးသို့လည်း နေ့စဉ် တစ်ကြိမ် ပျံသန်းမည် ဟုသိရသည်။

အင်တာနက်၊ဆင်ဟွာ

ထုတ်ကုန်ပစ္စည်း၃၀၀၀ထက်မနည်း အခွန်လျှော့ချရန် ထိုင်းနိုင်ငံနှင့် ပီရူးနိုင်ငံတို့ သဘောတူမှုရရှိ

ဗန်ကောက် ဩဂုတ် ၂၄

ထိုင်းနိုင်ငံနှင့် ပီရူးနိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးဒေသ(အက်ဖ်တီအေ)သဘောတူချက်အတွက် စေ့စပ်ဆွေးနွေးရာတွင် ထုတ်ကုန်ပစ္စည်း ၃၀၀၀ ထက်မနည်းအပေါ် သွင်းကုန်ခွန်များလျှော့ချရန် သဘောတူခဲ့ကြကြောင်း ကုန်သွယ်ရေးစေ့စပ်ဆွေးနွေးသူများက ပြောဆိုကြသည်။

ထိုင်းနှင့် ပီရူးနှစ်နိုင်ငံသည် ကုန်ပစ္စည်းများဝန်ဆောင်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအပြင် ထုတ်ကုန်များအပေါ် အကောက်ခွန်များဖယ်ရှားရေးအတွက် အချိန်ဇယားသတ်မှတ်ခြင်းကဲ့သို့ အရေးကြီးသောကိစ္စရပ်အချို့ကို ဆွေးနွေးဖြေရှင်းရန် လိုအပ်ဆဲဖြစ်သည်။

ထိုင်းနိုင်ငံသည် ပီရူးနိုင်ငံအား လက်တင်အမေရိကဝင်ပေါက်အဖြစ် အသုံးပြုရန် အစီအစဉ်ရှိပြီး ပီရူးနိုင်ငံကလည်း ထိုင်းနိုင်ငံနှင့် သဘောတူချက်ရခြင်းဖြင့် အရှေ့တောင်အာရှတွင် ပိုမိုကောင်းမွန်သော စီးပွားရေးခြေကုပ်ရမည်ဟု မျှော်လင့်ထားသည်။

ထိုင်းနိုင်ငံနှင့် ပီရူးနှစ်နိုင်ငံသည် အလှမ်းကွာဝေးမှုကြောင့် ၎င်းတို့၏ လောလောဆယ်နှစ်နိုင်ငံကုန်သွယ်ရေးသည် အလွန်နိမ့်ကျခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ–တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးတက်ဖြစ်ထွန်း နှစ်နိုင်ငံချုပ်ဆိုထားသော သဘောတူစာချုပ်များ အမြန်ဆုံးအကောင်အထည်ဖော်ရေးအရှိန်အဟုန်မြှင့်တင်

✻ ရှေ့ဖုံးမှ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

သဘောတူစာချုပ်များစွာရှိ

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ်များ များစွာရှိနေကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပါအဝင် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် တိုးတက်ဖြစ်ထွန်းလျက်ရှိသည့်အတွက် ယင်းချစ်ကြည်ရေးခရီးစဉ်များမှ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ တိုးပွားဖြစ်ထွန်းလျက်ရှိနေကြောင်း။

တိုးမြှင့်ဆောင်ရွက်

ယင်းနှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိအနေဖြင့် ယခုနှစ် ဇူလိုင်လအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာတွင် နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

အရှိန်အဟုန်မြှင့်တင်

ထို့ကြောင့် ယင်းချစ်ကြည်ရေးခရီးစဉ်နောက်ပိုင်းတွင် မြန်မာ–တရုတ် နှစ်နိုင်ငံ ချုပ်ဆိုထားသော သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။ ယင်းသို့ မိမိတို့ဘက်မှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှလည်း လုပ်ငန်းများအကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံညှိနှိုင်းမှုများ တိုးတက်ဆောင်ရွက်လာသည်ကိုတွေ့ရကြောင်း။

တိုးတက်မြင့်မားလာ

ယနေ့နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီး၌ လျှပ်စစ်စွမ်းအားနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်များမှာလည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံတော်အနေဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် ရေအားအရင်းအမြစ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ များစွာပိုင်ဆိုင်ထားရာ ဒေသတွင်း နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအတွက် စွမ်းအင်ကဏ္ဍမှ အထောက်အကူပြုနိုင်သည့် အလားအလာများစွာရှိနေကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှဒေသနှင့် အရှေ့တောင်အာရှဒေသတို့ကို ဆက်စပ်ပေးနိုင်သည့် မဟာဗျူဟာကျသော ဒေသဖြစ်လျက်ရှိရာ အိမ်နီးနားချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများအချင်းချင်း ကူးသန်းသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းရေးအတွက် ပံ့ပိုးပေးနိုင်သည့် အခြေအနေရှိနေကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦး ဝင်း အောင် က မြန်မာ – တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ညှိနှိုင်းစီစဉ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အကျိုးဖြစ်ထွန်း

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံအတွက်ရော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအတွက်ပါ များစွာ အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေရှိသည့်ပြင် နှစ်နိုင်ငံ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ များစွာဖြစ်ထွန်းနေပြီးလည်းဖြစ်ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

ထို့ကြောင့် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ အမြန်ဆုံး အကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က မြန်မာ–တရုတ် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပြီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ မြန်မာ–တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ စည်းရုံးရေးအခြေခံ(ဆင့်ပွား)သင်တန်းဖွင့်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေး အခြေခံ (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၂၀)၊ (၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တက်ရောက်သင်တန်းဖွင့်အမှာစကားပြောကြားသည်။

(အောက်ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းက အလှူငွေကျပ်ငါးသောင်း၊ မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမြင့်ဟန် (ပြည့်စုံပရိဘောဂ)က အလှူငွေကျပ်ငါးသောင်း၊ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်(ဝင်းသံမဏိအရည်ကျိုစက်ရုံ)က အလှူငွေကျပ် ငါးသောင်း၊ (၈)ရပ်ကွက်အသင်း စည်းရုံးရေးမှူး ဒေါ်ခင်ချိုမြင့်က အလှူငွေကျပ် သုံးသောင်း၊ ကျောက်ရေတွင်းရပ်ကွက် စည်းရုံးရေးမှူး ဦးအေးမြင့်က အလှူငွေကျပ်သုံးသောင်း၊ ကျောက်ရေတွင်းရပ်ကွက် ယူနစ်လုပ်ငန်းရှင် ဦးကြည်ဦးက အလှူငွေကျပ် သုံးသောင်းကို သင်တန်းအတွက် ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ဘုန်းဆွေက လက်ခံရယူပေးသည်။ **(ပြည်ထဲရေး)**

ဘကြီးဖြိုးကို နှိုးဆွသူ

✻ သူတို့ကျတော့ **ချဲ့**
ဒို့ကျတော့ **ဖွဲ့**
တကယ့်လူတွေ။

✻ သူတို့ကျတော့ **တွဲ**
ဒို့ကျတော့ **ခွဲ**
နည်းနည်းမှ မတရားဘူး။

✻ လူ့အခွင့်အရေးတွေလဲပြော
ဘာသဘောလဲ
တကတဲကွာ
သူတို့ဟာက
ပိတ်သာထားလိုက်
ငါစိတ်အိုက်တယ်။

✻ အနေအေးရိုး
ဘကြီးဖြိုးကို
လှုပ်နှိုးထိုးစွ
ဒေါသဖောက်ခွဲ
ဘယ်သူလဲဟေ့ .....။

✻ မေးကြည့်လိုက်ရာ
အနောက်မီဒီယာ ..... တဲ့။ ။

ပိုးဝ

ရခိုင်ပြည်နယ်၌နေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်ထူထပ်ခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ်၂၈ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ပဋ္ဌမအကြိမ် တရားအားထုတ်ပွဲ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း အမှတ် (၆) အင်းစိန်လမ်းမကြီးရှိ မဟာစည်ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ၁၃၆၆ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (၂၀–၁၀–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့မှ သီတင်းကျွတ်လပြည့်ကျော် ၆ရက် (၃–၁၁–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့အထိ ပဋ္ဌမအကြိမ် မဟာစည် သတိပဋ္ဌာန် ဝိပဿနာ တရားအားထုတ်ပွဲကို ၁၉–၁၀–၂၀၀၄ရက် ညနေ ၆နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ကုန္ဒက အမှူးပြုသော ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော်များက တရားဟောတရားပြသတော်မူကြမည်ဖြစ်၍ တရားအားထုတ်လိုသူ ယောဂီများ၊ ရဟန်းခံရှင်ပြုလိုသူများ၊ ဒါနကုသိုလ်ပြုလိုသူများသည် ဒုလ္လဘရဟန်း တစ်ပါးအတွက် သပိတ်၊ သင်္ကန်း၊ ပရိက္ခရာအစုံလှူဒါန်းလိုပါလျှင် ကျပ် ၆၀၀၀နှုန်းဖြင့်လည်းကောင်း၊ ဒုလ္လဘရှင်သာမဏေတစ်ပါးအတွက် ကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရဟန်း ယောဂီ ၊ သာမဏေ၊ အမျိုးသား၊ အမျိုးသမီး ဦးရေ၁၅၀ လက်ခံမည်ဟု ခန့်မှန်းထားပါသဖြင့် အရုဏ်ဆွမ်းကို ကျပ် ၂၀၀၀၀နှုန်း ဖြင့်လည်းကောင်း၊ နေ့ဆွမ်းကိုကျပ်၅၀၀၀၀နှုန်းဖြင့်လည်းကောင်း လှူဒါန်းလိုပါက ဝေယျာဝစ္စအမှုဆောင်အဖွဲ့ ညောင်ကန်အေး သာသနာ့ရိပ်သာ အမှတ်(၆) အင်းစိန်လမ်းမကြီး အရှေ့ကြို့ကုန်း ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်းသိရသည်။ **(က–ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yuji Miyamoto အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● **ကျောပုံးမှ**

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာအစည်းအဝေးသဘာပတိအမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီလစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရေး၊ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းရှိ ညီလာခံခန်းမနှင့်တကွ အဆောက်အအုံများရှိ ပြုပြင်ရန်ရှိသည်များကို ညီလာခံရပ်နားထားသည့် အချိန်အတွင်း သပ်ရပ်ကောင်းမွန်အောင်ပြုပြင်ရေး၊ ညီလာခံတွင် အသုံးပြုသည့် ပစ္စည်းများထိန်းသိမ်းရေး၊ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအတွက် ဆေးဝါးမှအစ လိုအပ်သည်များပံ့ပိုးကူညီပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ခုနှစ် ဩဂုတ် ၁၃ရက်က ညောင်နှစ်ပင်စခန်းရှိ အနော်ရထာခန်းမ၌ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရေးအတွက် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ အမျိုးသားညီလာခံပြန်လည်ကျင်းပသည့်အခါ စိမ်းလန်းစိုပြည်ရေးမှအစ သပ်ရပ်ပြည့်စုံသည့် အခြေအနေဖြစ်အောင် စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ အမျိုးသားညီလာခံ အလှည့်ကျသဘာပတိအဖွဲ့က ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းငွေးက ညောင်နှစ်ပင်စခန်း၌ အဆောက်အအုံများ မွမ်းမံပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေ၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့် ဆေးရုံတွင်တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးအခြေအနေတို့နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လိုအပ်သည်များကို အကြံပြုဆွေးနွေးကြပြီး အစည်းအဝေးသဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သစ်အခြေခံတန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ် အရည်အသွေးမြင့်မားရေးနည်းလမ်းရှာကြံ

ရန်ကုန် ဩဂုတ် ၂၇

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊သစ်တောဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအေးမြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း ဘောမဲ့တောသို့ရောက်ရှိကြသည်။ (အောက်ပုံ)

ဝန်ကြီးသည် ရှင်းလင်းဆောင်၌ တင်ပြချက်များနှင့် ပတ်သက်၍ ပွင့်လင်းရာသီအမီ နားနေဆောင်များ ပြုပြင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ယခုမိုးရာသီအမီ သစ်ပင်များ ထပ်မံစိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

လေ့လာကြည့်ရှု

ထို့နောက် နားနေဆောင်သစ်များ ဆောက်လုပ်မှု၊ ပြင်ဆင်ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရေတိမ်းဒေသဆိုင်ရာ ပညာပေးပြခန်းကိုလည်းကောင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ မိုးယွန်းကြီးအင်း ဘောမဲ့တောသည် ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ နားခိုသောနေရာ ဒေသတစ်ခုဖြစ်ပြီး နှစ်စဉ် ပြည်တွင်းပြည်ပ ခရီးသွားများ ညအိပ်ညနေ လာရောက်ပြီး အပန်းဖြေလေ့လာ ကြည့်ရှုနိုင်သောနေရာဖြစ်သည်။

ထိုမှတစ်ဆင့် ဘုရားကလေးကျေးရွာရှိ အမှတ်(၃၃)သစ်စက်သို့ ရောက်ရှိပြီး ပြည်ပသို့ပို့ရန်ခွဲစိတ်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ပသို့တင်ပို့ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားနိုင်ရေးမှာကြားသည်။ ထို့နောက်ဘုရားကြီးကျေးရွာရှိ အမှတ်(၉၀)သစ်စက်ကို သွားရောက်စစ်ဆေးသည်။ ဆက်လက်၍ Beautiful Wood Co.,၏ သစ်အခြေခံစက်မှုအလုပ်ရုံသို့ရောက်ရှိရာ တာဝန်ခံ ဦးညိုလေးက ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်လျက်ရှိသော ပါကေးအမျိုးမျိုး၊ လှျာထိုးအမျိုးမျိုး ထုတ်လုပ်မှုအဆင့်ဆင့်ကို စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းမှာကြား

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချင်စု-မြန်မာကုမ္ပဏီ လီမိတက်၏ ချင်စု-မေဖလားဝါးအထပ်သားစက်ရုံသို့ရောက်ရှိရာ စက်ရုံမှူး Mr. Liu Cha Fu နှင့်တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေး နိုင်ငံတော်က အားပေးလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိပြီး သစ်အခြေခံတန်ဖိုးမြှင့် ပစ္စည်းများ ထုတ်လုပ်ကြရာတွင် အရည်အသွေးမြင့်မားစေရေး နည်းလမ်းရှာကြံရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ပဲခူးမြို့နယ် ဘဏ္ဍာကုန်းရှိ ဝင်းနှင့်ဝင်း ကုမ္ပဏီ၏ သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၅ကီလိုမီတာတာဝေးအပြေးပြိုင်ပွဲများ မြို့ကိုးမြို့တွင် ရွှေ့လအတွင်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၁၅ကီလိုမီတာတာဝေးအပြေးပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်တွင်မန္တလေး၊ ပဲခူးနှင့်ပြည်မြို့၊ စက်တင်ဘာ ၁၈ရက်တွင် တောင်ကြီး၊ မော်လမြိုင်နှင့် မကွေးမြို့၊ စက်တင်ဘာ ၂၂ရက်တွင် လားရှိုးမြို့၊ စက်တင်ဘာ ၂၆ရက်တွင် မြစ်ကြီးနားနှင့် ပုသိမ်မြို့ စသည့်မြို့ကြီး ကိုးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်လျက်ရှိသည်။

ဆုကြေးများအနေဖြင့် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆုကျပ်ငါးသောင်း၊ စတုတ္ထဆုကျပ်သုံးသောင်း၊ ပဉ္စမဆုကျပ်နှစ်သောင်း၊ ဆဋ္ဌမဆုကျပ်တစ်သောင်း၊ သတ္တမမှဒသမအထိ ကျပ်ငါးထောင်စီ ချီးမြှင့်ရန်စီစဉ်ထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ဩဂုတ် ၂၇ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖယ်ဂျ်ကိုစင်ဘာအား ကုန်းမြင့်သာရှိ ဗေဟုသီရိဗိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်၍ဂုဏ်ယူ ကူးစက်ရောဂါစောင့်ကြပ်ထောက်လှမ်းလုပ်ငန်းလက်ဦးမှုရယူ

ရန်ကုန် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ စီမံချက်မန်နေဂျာများ၊ ပြည်နယ်၊တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကွင်းဆင်းကြည့်ရှု

အစည်းအဝေးတွင် ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ ဆေးပညာလောကတွင် အသည်းအစားထိုး ခွဲစိတ်ကုသပေးမှု အောင်မြင်သည့်အတွက် ဝမ်းသာဂုဏ်ယူစရာကောင်းသော အချိန်အခါဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားရကျေနပ်ကြောင်း၊ သို့သော်လည်း ကူးစက်ရောဂါကာကွယ်နှိမ်နင်း စောင့်ကြပ် ထောက်လှမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ဦးမှုရရှိအောင် ကွင်းဆင်းဆောင်ရွက်ကြရန် လိုကြောင်း၊ နယ်စပ်ဒေသများ၌ဖြစ်ပွားနိုင်သည့် ရောဂါများအတွက် သက်ဆိုင်ရာ ကျန်းမာရေးဌာနများအနေဖြင့် စဉ်ဆက်မပြတ် ကွင်းဆင်းစောင့်ကြပ် ကြည့်ရှုရန်လိုကြောင်း၊ရေကောင်း ရေသန့်ရရှိရေး၊ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် အားရကျေနပ်ဖွယ်ရှိသဖြင့် လက်ရှိအခြေအနေကို ထိန်းသိမ်းထားရှိရန် လိုကြောင်း၊ပြည်နယ်၊တိုင်းကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ဒေသအတွင်းရှိ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးသွားမှာ ဖြစ်ကြောင်းနှင့် ဦးစီးဌာနအလိုက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို အကျယ်တဝင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာမြဦးက မြို့နယ်ကျန်းမာရေးကော်မတီများ၏ လုပ်ဆောင်ချက်များ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်ပုံများ၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်စေရေး စည်းရုံးဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့၏ ဦးစီးဌာနအလိုက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပြည်နယ်၊တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများက ပြည်နယ်၊ တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။ **(သတင်းစဉ်)**

အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ Symposium on Diagnosis and Management of Fever with Rash ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များနှင့် ဆေးကျောင်းသားကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"** နှင့် **"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု"** ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် (၄)ပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ x ၁၂ လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data) နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယ၊ တတိယ ဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် မတ်လ၂၇ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ကျင်းပသော နှစ်(၆၀)ပြည့်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပေးပို့ယှဉ်ပြိုင်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း (ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဩဂုတ်လအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉-၈-၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ် စက်တင်ဘာလအတွက်
(၁၂-၉-၂၀၀၄) ရက်နေ့ နှင့် (၂၆-၉-၂၀၀၄) ရက်နေ့

ရန်ကုန်မြို့ နှင့်အနီးတစ်ဝိုက် မိုးရေချိန်

၂၇-၈-၂၀၀၄

မင်္ဂလာဒုံ

၀ ဒသမ ၀၄ လက်မ

ကမ္ဘာအေး

၀ ဒသမ ၀၄ လက်မ

ရန်ကုန်မြို့လယ်

၀ ဒသမ ၁၂ လက်မ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမှတ် ၂၉၇ နေ ဦးမောင်မောင်-ဒေါ်စန်းစန်းမိသားစုက သားဖြစ်သူ မောင်ဟိန်းထူးဇော်၏ ရှစ်နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗေဓိပ္ပာယ်ဝေဖန်မှုကိုရှောင်ရှားရန် — ဇေယျာသီရိပိမာန်တွင် လက်ခံတွေ့ဆုံ

ဩဂုတ် ၂၇ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါအား ကုန်းမြင့်သာရှိ ဇေယျာသီရိပိမာန်တွင် လက်ခံတွေ့ဆုံစဉ်။ (သတင်း–ကျော်ဖုံး)

(သတင်းစဉ်)

လူမှုဝန်ထမ်းအောက်ရှိသင်တန်းကျောင်းမှထူးချွန်သူများဂုဏ်ပြု ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်း၊ ဌာနများမှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဘွဲ့ရသူများ၊ အားကစားထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုပွဲနှင့် အလှူရှင်များက ငွေလှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ် (၆၄) ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းက ဂုဏ်ပြုအမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင် Sun Far Travel & Tours Co., Ltd. မှ မိခင်ဒေါ်ရန်တီနှင့် ဦးသန်းဦးမိသားစုက ငွေကျပ် ၁၃သိန်းငါးသောင်း၊ Naing Group ဆောက်လုပ်ရေးမှ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ငွေကျပ်သုံးသိန်း၊ ILBC မှ ဦးတင်မောင်ဝင်းက ငွေကျပ်သုံးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ်နှစ်သိန်း၊ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးထား၍ သား ဒေါက်တာတင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်တို့က ငွေကျပ်နှစ်သိန်း၊ Forenost Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ရှိန်နှင့် ဖူးဒတ်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်သိန်းတို့က ငွေကျပ် တစ်သိန်း၊ ကမ္ဘာအေးဘုရားလမ်းနေ ဦးတင်လှ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်က ငွေကျပ်တစ်သိန်း၊ Toral Fina elf E˚&˚P Myanmar မှ ဌာနမှူး ဒေါက်တာဆန်းလွင်ဋ္ဌေးက အက်ဖ်အီးစီ ၃၀၀၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်းက ငွေကျပ် ၃၉၀၀၀၊ ပို့ဆောင်ရေးဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ငွေကျပ်တစ်သိန်း၊ Yangon Air Way က ငွေကျပ်တစ်သိန်းတို့ကို သင်တန်းကျောင်း၊ ဌာနများမှ ကျောင်းသား ကျောင်းသူများအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းနှင့် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်တို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအဆင့် တံခွန်စိုက် မြန်မာ့သိုင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသူနှစ်ဦးနှင့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဝိဇ္ဇာဘွဲ့ရ မျက်မမြင် ကျောင်းသားနှစ်ဦးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဂုဏ်ပြုဆုများချီးမြှင့်သည်။

ယင်းနောက် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများကိုယ်စား မန္တလေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကျောင်းသူ မသွယ်သွယ်အေးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

˚˚˚˚˚Total Fina elf E&P Myanmar မှ ဒေါက်တာဆန်းလွင်ဋ္ဌေးက မန္တလေး အမျိုးသမီးကလေးများသင်တန်းကျောင်းမှ မမိုးသန္တာအား အက်ဖ်အီးစီ ၃၀၀ ဂုဏ်ပြုချီးမြှင့်စဉ်။

(လူမှုဝန်ထမ်း)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၈–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ စလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း–၂၁)
- ၁၃:၁၀ ၇။ ပသောင်းတံတား
- ၁၃:၂၀ ၈။ လောကနီတိ(၃)**"အမေ့သား"** မင်းမော်ကွန်း၊ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း (ဒါရိုက်တာခင်ဇော်)
- ၁၄:၁၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၂၅ ၁၀။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ (အပိုင်း–၁)
- ၁၄:၃၅ ၁၁။ သက်ရှည်ကျန်းမာ မြန်မာ့ရွှေစိမ်းပြာ(အပိုင်း–၂)
- ၁၄:၄၅ ၁၂။ International News
- ၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သိပ္ပံအထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၀ ၆။ အကပဒေသာ
- ၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၀ ၈။ မြင်းခြံနုနုလွင် ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၁၈:၀၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၃၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၉)
- ၁၉:၃၅ ၁၅။ မြန်မာ့ဆေးကောလိပ်သမိုင်းမှတ်တိုင်သစ် အသည်းအစားထိုး ကုသခြင်း (အပိုင်း–၁)
- ၁၉:၄၅ ၁၆။ စစ်ကိုင်းတောင်ရိုးမည်းသည့်သာသနာ(အပိုင်း–၁)
- ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း–၁၉)

မြန်မာအသင်းကြီး(ယူကေ)က ကြီးမှူးပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ Colindale ရပ်ကွက် Edgware လမ်းမပေါ်ရှိ Oriental City Shopping Centre လူစည်ကားရာ မိုးလုံလေလုံဈေးကြီး၌ Introducing Golden Myanmar ပွဲတော်တွင် မြန်မာအသင်းကြီး (ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအသင်းကြီး (ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်းနှင့်အဖွဲ့ မြန်မာအသင်းကြီး (ယူကေ) က ကြီးမှူးပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ Colindale ရပ်ကွက် Edgware လမ်းမပေါ်ရှိ Oriental City Shopping Centre လူစည်ကားရာ မိုးလုံလေလုံဈေးကြီး၌ Introducing Golden Myanmar ပွဲတော်တွင် တိုင်းရင်းသားဝတ်စုံများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

Introducing Golden Myanmar ပွဲတော်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာအသင်းကြီး(ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာ ကျော်ဝင်း အမှူးပြု၍ မြန်မာအသင်းကြီး(ယူကေ)က ကြီးမှူးပြီး ဗြိတိန်နိုင်ငံ လန်ဒန်မြို့ Colindale ရပ်ကွက် Edgware လမ်းမပေါ်ရှိ Oriental City Shopping Centre လူစည်ကားရာ မိုးလုံလေလုံ ဈေးကြီး၌ Introducing Golden Myanmar ပွဲတော်ကို မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့် ရေမြေတောတောင် သဘာဝများအကြောင်း၊ မြန်မာ့အစားအစာများနှင့် လက်မှုပညာများအကြောင်းကို နိုင်ငံခြားသားများ ပိုမိုသိရှိစေရန်ရည်ရွယ်ကာ ၂၀၀၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၁ ရက်အထိ ကိုးရက်ကြာမျှ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

လူမှုရေးအသင်း

မြန်မာအသင်းကြီး(ယူကေ)သည် ဗြိတိန်နိုင်ငံရောက် မြန်မာလူမျိုးများ၊ မြန်မာပြည်ဖွား နိုင်ငံခြားသားများ၊ မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံအပေါ် စိတ်ကောင်းစေတနာကောင်းရှိကြသည့် နိုင်ငံခြားသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် လူမှုရေးအသင်းကြီးဖြစ်သည်။

Introducing Golden Myanmar ပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာအသင်းကြီး (ယူကေ)၏ အမြဲတမ်းနာယက မြန်မာသံအမတ်ကြီး ဒေါက်တာကျော်ဝင်း၊ The Worshipful the Mayor of the London Borough of Brent Councillor Ahmad Shahzad နှင့် မြန်မာအမျိုးသား ဝတ်စုံဝတ်ဆင်ထားသော Oriental City Shopping Centre ပိုင်ရှင် Mr. Roland Lim တို့က Introducing Golden Myanmar ပွဲတော်ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း အသီးသီး အဖွင့်အမှာစကားပြောကြားကြပြီး ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲသို့ ဗြိတိန်နိုင်ငံရောက် မြန်မာများ၊ အာဆီယံနိုင်ငံသံရုံးများမှ မိတ်ဆွေများ၊ ဗြိတိသျှများ၊ မြန်မာပြည်ဖွား အင်္ဂလို–မြန်မာများ တက်ရောက်ကြပြီး မြန်မာ့ရိုးရာ အဆို၊ အကများ၊ မြန်မာ့ရိုးရာ ဗန်တို သိုင်းစွမ်းရည်များဖြင့် ဖျော်ဖြေ၍ မြန်မာ့အစားအစာများဖြင့် တည်ခင်းဧည့်ခံသည်။

အရောင်းဆိုင်ဖွင့်လှစ်

ပွဲတော်ရက်များအတွင်း ဗီဒီယိုဖြင့် မြန်မာ့ရိုးရာ အဆို၊ အကများ၊ မြန်မာ့ရှုခင်းများ ပြသ၍ မြန်မာနိုင်ငံအကြောင်း လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပြီး မြန်မာ့အစားအစာ အရောင်းဆိုင်များ၊ မြန်မာ့လက်မှုပစ္စည်းအရောင်းဆိုင်များ၊ မြန်မာပြည်ထွက် လက်ဝတ်ရတနာ အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချသည်။

ဩဂုတ် ၁ ရက် ညနေပိုင်းတွင် Introducing Golden Myanmar ပွဲတော်ပိတ်ပွဲအခမ်းအနားကို မြန်မာ့ရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေ၍ အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ဝါခေါင်လအကြောင်း သိကောင်းစရာ မေတ္တာအခါ

အရှင်တေဇနိယ
(အုတ်ဖို)

ဝါခေါင်ဟူသော ဝေါဟာရတွင် ဝါသည် ရဟန်းတော်များ ဝါဆိုဝါကပ်ခြင်းဖြစ်၍ ခေါင်သည်အလယ်ဗဟိုဖြစ်၏။ ထို့ကြောင့်ဝါခေါင်လသည် ဝါတွင်းသုံးလ၏ အလယ်ဗဟိုကိုဆိုလိုခြင်းဖြစ်၏။ ဤဝါခေါင်လကို ရှေးလူကြီးများတို့က "နံကာလ"ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြ၏။ နံကာဆိုသည်မှာ လယ်ထွန်ချိန်၊ ပျိုးစိုက်ချိန်ဖြစ်သည်။ ဤလရာသီအလိုကို "သိဟ်"ရာသီခေါ်ဆို၍ သရဝဏ်ခေါ်နေသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ ဗျိုင်းတာရာထွန်းပသည့် လဖြစ်၏။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ပုံဖြစ်၏။ ဝါခေါင်လတွင် ရက်ပေါင်း ၃၀ ရှိ၍ နေ့တာရှည်ကာ ညတာတိုသောလဖြစ်သည်။ မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဤလရာသီတွင် မိုးရေအကျမှာ ပွင့်လန်းလာကြသည့် ရာသီပန်းနှင့် ကျင်းပလေ့ရှိသော ပွဲတို့ကား-

"ရောင်ဝှန်းတေဇာ
ပန်းခတ္တာနှင့်
ခိုင်ညှာပွင့်ဖြူ
တိုင်းပြည်သူတို့
လှူစာရေးတံ
သဘင်စုံခံဆဲမို့"

ဟူ၍ ရှေးစာဆိုတို့ စပ်ဆိုလေ့ရှိသော ခတ္တာပန်းနှင့် စာရေးတံပွဲတော်တို့ဖြစ်ကြသည်။ ဝါခေါင်လပြည့်နေ့ကို ဘုရားလက်ထက်တော်အခါက စ၍ မေတ္တာအခါတော်နေ့ဟု သတ်မှတ်ခေါ်ဝေါ် ခဲ့ကြသည်။

မေတ္တာနှင့်ပတ်သက်၍ လောကဥပမာတစ်ခု တင်ပြရမည်ဆိုပါက လောကတွင် အိမ်တစ်အိမ်မှာ မိဘတွေနှင့် သားသမီးတွေရှိကြသည်။ မိဘတွေကလည်း သားသမီးတွေကို ချစ်မြတ်နိုးကြသည်၊ ဆုံးမကြသည်၊ သွန်သင်ကြသည်၊ ပြောတတ် ဆိုတတ် နေတတ် ထိုင်တတ်အောင်သွန်သင်ဆုံးမကြသည်၊ သားသမီးတွေကလည်း လိမ်လိမ်မာမာနှင့် မိဘတွေ၏ စကားကိုမြေဝယ်မကျနားထောင်ကြသည်။ သားသမီးတွေကလည်း မိဘအလိုလိုက်ပြီး မိဘအပေါ် ချစ်မြတ်နိုးကြသည်။ အဆိုပါ အိမ်ဂေဟာကြီးသည် မေတ္တာအိမ်ဂေဟာကြီးဖြစ်နေသည်။ နေထိုင်သည့်ပုဂ္ဂိုလ်အပေါင်း မေတ္တာထားကြောင်း ပေါ်လွင်နေကြသည်။

ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူ၍ရှိသည်။ ကာယကံမေတ္တာဆိုသည်မှာ ကိုယ်ထိလက်ရောက် မေတ္တာ ရှေ့ထားပြီး မိမိချစ်မြတ်နိုးအပ်သည့် ပုဂ္ဂိုလ်များကို ကျွေးမွေးကြပြီး ဝတ်ကြီး ဝတ်ငယ်ပြုစုကြ၊ စောင့်ရှောက်ကူညီကြသည်ကိုခေါ်သည်။ ဝစီကံမေတ္တာဆိုသည်မှာ နားချမ်းသာအောင် မိဘ၊ ညီအစ်ကို မောင်နှမများကို ချိုချိုသာသာ ပြောဆိုဆက်ဆံမှုကိုခေါ်သည်။ မနောကံမေတ္တာဆိုသည်မှာ စိတ်ထဲကနေပြီး အားလုံးအပေါ် ကျန်းမာ၊ ချမ်းသာကြစေရန် ပို့သသည့်မေတ္တာကိုခေါ်သည်။

အများသူငှာပွားများနေကြသည့် မေတ္တာပွားနည်းမှာ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌လာသည့်အတိုင်း "သဗ္ဗေသတ္တာအဝေရာဟောန္တု-သတ္တဝါမှန်သမျှဘေးကင်းကြပါစေ"စသည်ဖြင့် ပွားများနည်းဖြစ်သည်။ မေတ္တာသည် ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သည်။ ဗြဟ္မစိုရ်တရားလေးပါးကို စနစ်တကျ ကျင့်စဉ်တစ်ရပ်အနေဖြင့် ဖော်ပြထားချက်မှာ ဗုဒ္ဓဓမ္မတစ်ခုတည်းတွင်သာ ရှိသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ကောင်းကျိုးများကို တွန်းအားတစ်ရပ်အဖြစ် ဖန်တီးပေးနိုင်သည်သာမက ဒဿနရေးရာအနေဖြင့်လည်း သာယာငြိမ်းချမ်းသော လူ့ဘောင်ဘဝ တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အတွေးကောင်း၊ အမြင်ကောင်း၊ အကျင့်ကောင်းတို့ကို မေတ္တာက အစဖော်ညွှန်းပေးနေသည်သာဖြစ်သည်။

မေတ္တာတရား ပွားများကြသည့်အခါ အရေးကြီးသောအချက်မှာ မေတ္တာ၏ ရန်သူတွေကို နှိမ်နင်းဖို့ရာ အဓိကလိုအပ်ပါသည်။ မေတ္တာ၏ ရန်သူသည် အနီးရန်သူ၊ အဝေးရန်သူဟူ၍ နှစ်မျိုးရှိသည်။ အနီးရန်သူမှာ တဏှာရာဂဖြစ်သည်။ အဝေးရန်သူမှာ ဒေါသဖြစ်သည်။ ထို့ကြောင့် မေတ္တာ၏ ရန်သူနှစ်မျိုးဖြစ်သည့် တဏှာရာဂ၊ ဒေါသတို့ကို နှိမ်နင်းပေးဖို့ရာ လိုအပ်ချက်ပင်ဖြစ်သည်။

မေတ္တာ၏ အကျိုးသက်ရောက်မှုကို ရရှိစေရန် မေတ္တာ၏အကျိုးတရားတွေကို ဆင်ခြင်ပေးရမည်။ မေတ္တာသည် မိမိ၏ ဒေါသကို ဖျောက်နိုင်သည်။ သူတစ်ပါး၏ ဒေါသကိုလည်း ပယ်ဖျောက်နိုင်ပါသည်။ မေတ္တာဘာဝနာပွားများသောအခါ "အတ္တ၊ ပိယ၊ မဇ္ဈ ဝေရီ၊ သိမ်လေးလီ၊ အညီရှုကြရာ"ဟူသော ရှေးပညာရှိတို့၏ လင်္ကာအတိုင်း-

(၁) အတ္တ=မိမိကိုယ်ကို
(၂) ပိယ=ချစ်ခင်နှစ်သက်အပ်သောသူ
(၃) မဇ္ဈတ္တ=အလယ်အလတ်ဖြစ်သောသူ
(၄) ဝေရီ=ရန်သူဟူသော ပုဂ္ဂိုလ်အစား လေးပါးနယ်ပယ်လေးရပ်ကို ခွဲခြား၍ အစဉ်အတိုင်း ပွားများကြရသည်။ ထိုသို့ပွားများရာ၌ ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ၊ အခြားဘာသာစကား တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ သဘောပေါက်နားလည်သလို ပွားများပို့သနိုင်သည်။ မိမိစိတ်ကသာ ပို့သသည့် ပုဂ္ဂိုလ်ထံသို့ရောက်နေရန်သာ အဓိကဖြစ်သည်။ ထို့ကြောင့် နှုတ်ကဖြစ်စေ၊ စိတ်တွင်းကဖြစ်စေ သဘောကျသလို ပို့သနိုင်သည်။ အထက်ပါလေးခုတို့တွင် အတ္တ=မိမိကိုယ်ကို စတင်၍ မေတ္တာပွားရခြင်းမှာ ကိုယ်ချင်းစာတရားထားစေရေးအတွက်ဖြစ်သည်။ လောကတွင် သတ္တဝါမှန်သမျှ ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံးဖြစ်၏။ ထိုသို့အချစ်ဆုံးကို စံပြုပြု၍ အခြားသတ္တဝါမှန်သမျှ ငါကဲ့သို့ဘေးရန်ကင်းကြပါစေ စသည်ဖြင့် သဘောထားကာပွားများရခြင်းဖြစ်သည်။ ထို့နောက် ပိယ=မိမိချစ်ခင်နှစ်သက်သူကို ရည်ရော်မှန်းဆ၍ ပို့သနိုင်သည်။ ချစ်ခင်နှစ်သက်သူဆိုရာ၌ တဏှာပေမဖြင့် စွဲလမ်းနိုင်သည့် ဇနီး၊ ခင်ပွန်း၊ သားသမီး စသည်တို့ မဖြစ်သင့်ပေ။ ချစ်ခင်လေးစား၍ ကြည်ညိုသဒ္ဓါပွားရသော ဆရာတော်၊ သံဃာတော် စသည့် သူတော်ကောင်း ပုဂ္ဂိုလ်တို့ကို ဆိုလိုပါသည်။ ဤသို့ အစရှိသဖြင့် မဇ္ဈတ္တ=အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်၊ ဝေရီ=ရန်သူ စသော ပုဂ္ဂိုလ်တို့အပေါ် တစ်ဆင့်စီပြောင်း၍ မေတ္တာပွားရပါမည်။ ဤလေးဦးအပေါ် အနိမ့်အမြင့်၊ အချစ် အမုန်း၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်မျိုးတည်း သဘောထားကာ ပို့သလျှင် "သီမာသမ္ဘေဒ"ဖြစ်သည်ဟု ဆိုသည်။ သီမာသမ္ဘေဒဆိုသည်မှာ မေတ္တာကမ္မဋ္ဌာန်း အထွတ်အထိပ်သို့ရောက်သည်ဖြစ်သည်။

သီမာသမ္ဘေဒ အဆင့်သို့ရောက်လျှင် ကသိုဏ်းနိမိတ်စသည်ဖြင့် အလားတူသော သမထနိမိတ်များရရှိပြီး အဆင့်ဆင့်တက်၍ စတုတ္ထဈာန်တိုင် ရရှိနိုင်ပါသည်။ မေတ္တာကမ္မဋ္ဌာန်းကို ဤနည်းအားဖြင့် ပွားများနိုင်ပါသည်။ ထိုသို့ပွားများအားထုတ်နိုင်ကြ၍ ကမ္ဘာလောက သံသရာတစ်လျှောက်လုံး အားလုံးသော ပုဂ္ဂိုလ်များ ချမ်းသာသုခတို့ကို စံစားခံစားနိုင်ကြစေရန်အတွက် မြတ်စွာဘုရားရှင်၏ မေတ္တာတော်တို့ကို အာရုံပြု၍ ဝါခေါင်လ၏ မေတ္တာအခါတော်အကြောင်း သိကောင်းစရာကို ရေးသားဖော်ပြလိုက်ရပါသည်။

ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးတွင် ဈေးသူဈေးသားများက ပထမအကြိမ် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူငွေနှင့် ကျိုက်ထီးရိုးတောင်ပေါ်၌ သီတင်းသုံးလျက်ရှိသော သံဃာတော်များအတွက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်များ ကပ်လှူပွဲ ကျင်းပရာ အလှူရှင်များက ရင်ပြင်တော်ကျောင်းဆရာတော် ဦးရေဝတထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ပစ္စည်းနှင့်အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးပထမအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၆၄ ကမ္ဘာအေးဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် အကြိုလှုပ်ရှားမှုအဖြစ် ပစ္စည်းနှင့်ငွေများ ဂုဏ်ပြုလှူဒါန်းလိုသော အလှူရှင်များသည် ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်း ဖုန်း-၆၆၂၅၉၁၊ အတွင်းရေးမှူး ဦးလှမြင့်(ဒုတိယညွှန်ကြားရေးမှူး-စီမံ/ဘဏ္ဍာ)ဖုန်း-၆၆၂၅၈၉၊ ဦးအေးဝင်း (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၆၆၂၅၈၆နှင့် ဦးမြသွင်(ဦးစီးအရာရှိ၊ စီမံ-၃) ဖုန်း-၆၆၂၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရိုပ်သာဆရာတော်မွေးနေ့ အလှူနှင့်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၇

သာကေတမြို့နယ် ကျက်သရေဆောင် ၁၀၈တောင်စွယ်တော်ရှင် ဆံတော်ရှင်စေတီတော် ဘုရားကြီးအနီး ညောင်ရိပ်သာကျောင်း ပဓာန နာယက အရှင်ကေသရာဘိဝံသ ဆရာတော်၏ (၅၇)နှစ်ပြည့် မွေးနေ့အလှူတော်ကို ဝါခေါင်လဆန်း ၁၄ ရက်(တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ ထီး၊ ဖိနပ် စသော ပဒေသာပင် လှူဒါန်းဖွယ်တို့ကို စာရေးတံမဲဖြင့် သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းမည်ဖြစ်ရာ လေးထပ်ဓမ္မဗိမာန်တရားစခန်းနှင့် ငါးထပ် သဒ္ဓမ္မဇယန္တ ဇောဓိကောင်းကင်ပါသာဒသိမ် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် ဆရာတော်၏ မေတ္တာအခါတော်မွေးနေ့ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်း ဖွင့်လှစ်ကာ ဝါခေါင်လ ပြည့်ကျော် ၆ရက်မှ ၁၂ရက် အထိ ဟောပြောပြသမည်ဖြစ်သည်။ ဝင်ရောက်လိုသူများ ကြိုတင်စာရင်း ပေးသွင်းကြရန်နှင့် ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၄ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယမန်နေ့က ကြေညာသည်။

ကျင်းပမည်

ပထမအသုတ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြုကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၁-၁၀-၂၀၀၄ ရက်မှ ၈-၁၀-၂၀၀၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းပို့ချ

ဒုတိယအသုတ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ် ပို့ချသင်တန်းများကို ၁၁-၁၀-၂၀၀၄ ရက်မှ ၂၀-၁၀-၂၀၀၄ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဥပဒေအထူးပြု၊ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာအထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၂၅-၁၀-၂၀၀၄ ရက်မှ ၂-၁၁-၂၀၀၄ ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

တတိယအသုတ် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် စီးပွားရေးအထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ်ပို့ချသင်တန်းများကို ၄-၁၁-၂၀၀၄ ရက်မှ ၁၃-၁၁-၂၀၀၄ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး တနင်္ဂနွေနေ့အပါအဝင် သင်တန်းပို့ချခြင်း ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်စီးပွားရေးအထူးပြုအားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို ၁၇-၁၁-၂၀၀၄ ရက်မှ ၂၄-၁၁-၂၀၀၄ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးအထူးပြုများအတွက် စီးပွားရေးဘာသာရပ်မှလွဲ၍ ကျန်အထောက်အကူပြု ဘာသာရပ်များအတွက် အနီးကပ်သင်တန်းပို့ချမည်။ တတိယနှစ် စီးပွားရေးအထူးပြုများအတွက် (စီးပွားရေးဘာသာရပ်များအပါအဝင်) ဘာသာရပ်များအားလုံးအတွက် အနီးကပ်သင်တန်းပို့ချမည်။

ထုတ်ပြန်ကြေညာ

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးနှင့်ပေါင်းစပ်ဘာသာရပ်အထူးပြု ကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်နစ် သင်ယူမှုဌာန(e-Education Learning Centre)များ၌ လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချမည်မဟုတ်ကြောင်းနှင့် အသေးစိတ်အချိန်ဇယားကို သက်ဆိုင်ရာအဝေးသင်တက္ကသိုလ်နှင့် ၎င်းတို့၏ဌာနခွဲများ၌ ဆက်လက်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပထမပွဲစဉ် ညွန့်ပေါင်းလက်ရွေးစင်နှင့်ကစ်ချီကလပ် ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည့် ဟောင်ကောင်ကစ်ချီကလပ်(Kitchee Club)ဘောလုံးအသင်းသည် ယမန် နေ့ည ၈နာရီခွဲက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ လေးပွဲယှဉ်ပြိုင်ကစားရန်စီစဉ်ထားရာ ဩဂုတ်၂၈ရက်(**ယနေ့**)ညနေ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ပထမပွဲစဉ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွန့်ပေါင်းလက်ရွေးစင်အသင်းနှင့် ဟောင်ကောင်ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ညွန့်ပေါင်းလက်ရွေးစင်

ဟောင်ကောင် ကစ်ချီကလပ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွန့်ပေါင်း လက်ရွေးစင်အသင်းကို ဩဂုတ် ၁၂ရက်မှ စတင်ဖွဲ့စည်းကာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ညွန့်ပေါင်း လက်ရွေးစင်အသင်းသည် ယခုခြေစမ်းပွဲမတိုင်မီ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပထမပွဲ၌နှစ်ဂိုး– တစ်ဂိုး၊ ဒုတိယပွဲ၌ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ညွန့်ပေါင်းလက်ရွေးစင်အသင်းနည်းပြဦးခင်မောင်တင့်(ပို့ဆောင်ရေး) အား ခြေစမ်းပွဲအကြိုတွေ့ဆုံမေးမြန်းရာ "မိမိတို့အသင်းအနေဖြင့် လေ့ကျင့်ရက် ၁၅ရက်ခန့်သာ ရရှိခဲ့ကြောင်း၊ ရသမျှအချိန်အတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ထားကြောင်း၊ ညွန့်ပေါင်း လက်ရွေးစင်အသင်းကို ၃–၅–၂ ပုံစံ လူနေရာချထား၍ ကစားမည်ဖြစ်ကြောင်း၊ အခြေအနေပေါ်မူတည်၍ ၁–၄–၃–၂ ပုံစံကိုလည်း လေ့ကျင့်ပေးထားကြောင်း၊ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မူလဖွဲ့စည်းစဉ်က အားကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းခဲ့သော်လည်း ယခုအခါ ရန်နောင်စိုး(စွမ်းအင်)က ထိခိုက်ဒဏ်ရာရရှိထား၍ ပါဝင်နိုင်မည်မဟုတ်ကြောင်း၊ ကစ်ချီကလပ်နှင့် ခြေစမ်းပွဲအတွက် အားကစားသမား ၁၈ ဦး လူစာရင်းဖြတ်ရန် ရည်ရွယ်ခဲ့သော်လည်း လူမလျှော့တော့ဘဲ ၂၂ ဦးစလုံးကို ဆက်လက်ထားရှိပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

သူတို့ပါဝင်

ညွန့်ပေါင်းလက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအောင်သိန်းညွန့် (မြို့တော်စည်ပင်)၊ နည်းပြအဖြစ် ဦးခင်မောင်တင့် (ပို့ဆောင်ရေး)၊ တွဲဖက်နည်းပြအဖြစ် ဦးကျော်လွင် (ကာကွယ်ရေး)တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် (**ဂိုး**) ဇော်မိုးထက် (စီးပွား/ကူးသန်း)၊ ရဝေဇင်(တံခွန်)၊ **(နောက်တန်း)** ကျော်ခိုင်ဝင်း (စွမ်းအင်)၊ မောင်မောင်မြင့်(ပို့ဆောင်ရေး)၊ ကျော်ကျော်ဝင်း (စီးပွား/ကူးသန်း)၊ အောင်ကျော်မြင့် (ဘဏ္ဍာ/အခွန်)၊ အောင်ထွန်းလင်း (ဘဏ္ဍာ/အခွန်)၊ ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)၊ **(အလယ်တန်း)**

ဟောင်ကောင် ကစ်ချီကလပ်အသင်း အုပ်ချုပ်သူ Mr. Sek Kam Wah။ (မြန်မာ့အလင်း)

ခင်မောင်ထွန်း(ခ)အောင်ဟိန်းလတ် (ဘဏ္ဍာ/အခွန်)၊ မင်းမင်းထွန်း (စွမ်းအင်)၊ ဇော်မျိုးမင်း (ဆောက်လုပ်ရေး)၊ ကျော်သူရ (ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ လှအေးထွေး (ပတ္တမြားနဂါး)၊ ပေါ်ထွန်းကျော် (သစ်တောရေးရာ)၊ အောင်သန်းဝင်း(တံခွန်)၊ ကျော်ကျော်စိုး(ဘဏ္ဍာ/အခွန်)၊ **(ရှေ့တန်း)** စည်သူဝင်း (ပြည်ထဲရေး)၊ ကျော်သီဟ (တံခွန်)၊ မြတ်မင်းဦး (ပို့ဆောင်ရေး) နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)တို့ ပါဝင်ကြမည်ဖြစ်သည်။

ကစ်ချီကလပ်

ဟောင်ကောင်ကစ်ချီကလပ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူနှင့် နည်းပြ ခြောက်ဦး၊ အားကစားသမား ၂၄ဦးပါဝင်လာသည်။ ကစ်ချီကလပ်အသင်းသည်ဟောင်ကောင်ရှိထိပ်တန်းကြေးစားကလပ်အသင်းများအနက် တစ်သင်း အပါအဝင်ဖြစ်သည်။ ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီ ဟောင်ကောင် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည်။ ပထမရရှိသော Sun Hei ကလပ်အသင်းက ၁၈ပွဲကစား၊ ၁၄ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး (၄၄)မှတ် ရရှိခဲ့ပြီး ဒုတိယရရှိသော ကစ်ချီကလပ်အသင်းက ၁၈ပွဲကစား၊ ၁၄ပွဲနိုင်၊ လေးပွဲရှုံး (၄၂)မှတ် ရရှိခဲ့သည်။ ကစ်ချီကလပ်အသင်းသည် ၁၈ပွဲကစားရာတွင် ၄၃ဂိုးသွင်းပြီး ၁၉ဂိုးအသွင်းခံခဲ့ရသည်။

ကစ်ချီကလပ်အသင်းသည် ဟောင်ကောင်အခြေစိုက် ဘောလုံးသမားများ ပါဝင်သလို နိုင်ငံခြားမှ ကြေးစားဘောလုံးသမားများကိုလည်း ငှားရမ်းခေါ်ယူ၍ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခြေစမ်းပွဲများကစားရန် ရောက်ရှိလာသည့် ကစ်ချီကလပ်အသင်းတွင် အားကစားသမား ၂၄ဦး ပါဝင်သည့်အနက် ဟောင်ကောင်မှ ၁၃ဦး၊ တရုတ်ပြည်မကြီးမှ ခြောက်ဦး၊ ဂျပန်မှ တစ်ဦး၊ ဘရာဇီးမှသုံးဦးနှင့် ယူဂိုဆလားဗီးယားမှ နှစ်ဦးတို့ ဖြစ်ကြသည်။

ကစ်ချီကလပ်အသင်းကို ၁၉၃၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အလှကုန်ပစ္စည်းများထုတ်လုပ်သော Lutexကုမ္ပဏီကအဓိက ငွေကြေးပံ့ပိုးကူညီလျက်ရှိသည်။ ကစ်ချီကလပ်အသင်းမှ ကျောနံပါတ် ၂၅ Szeto Man Chun နှင့် ကျောနံပါတ် ၇ Chan Yiu Lun တို့နှစ်ဦးသည် ဟောင်ကောင်လက်ရွေးစင်များဖြစ်ကြပြီး ဩဂုတ် ၃ရက်တွင် ဟောင်ကောင်သို့ ပြန်ကြမည်ဖြစ်သည်။ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၈ရက်၌ ဟောင်ကောင်နှင့် ကူဝိတ်တို့ ဟောင်ကောင်တွင် ကစားရန်ရှိရာ ကြိုတင်၍ သွားရောက်ရမည်ဖြစ်သည်။

ညွန့်ပေါင်းလက်ရွေးစင်အသင်းနည်းပြ ဦးခင်မောင်တင့်။ (မြန်မာ့အလင်း)

အေစီမီလန်ကိုနိုင်

ဟောင်ကောင်ကစ်ချီကလပ်အသင်းသည် ၂၀၀၄ခုနှစ် မေ ၂၅ရက်က ဟောင်ကောင်၌ အီတလီမှ အေစီမီလန်ကလပ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ကစ်ချီကလပ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာနိုင်ငံသို့ မလာရောက်မီ ဇူလိုင် ၇ရက်က အင်္ဂလန်မှ နယူးကာဆယ်အသင်းနှင့် ဟောင်ကောင်၌ ခြေစမ်းကစားခဲ့ရာ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀တွင် တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ နယူးကာဆယ်အသင်းက ခုနစ်ဂိုး–ခြောက်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဟောင်ကောင်အဆင့်မြင့်တန်းပြိုင်ပွဲ၌ စတုတ္ထ ရရှိထားသော Ranger အသင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ခြေစမ်းပွဲကစားခဲ့ရာ ကစ်ချီကလပ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ကစ်ချီကလပ်အသင်းသည် အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယရရှိထားသလို ရှုံးထွက်ဖလားပြိုင်ပွဲ၌လည်း ဒုတိယရရှိထားကြောင်း သိရသည်။ ယခုအသင်းတွင် ပါဝင်လာသူ ကျောနံပါတ် (၁) ဂိုးသမား Lam Hing Lun သည် ဟောင်ကောင်လက်ရွေးစင်ဖြစ်သလို တရုတ်လက်ရွေးစင်လည်းဖြစ်သည်။ ၎င်းကို ကူဝိတ်နှင့် ကစားမည့်ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွက် ဟောင်ကောင်လက်ရွေးစင်အသင်းက ခေါ်ယူခဲ့သော်လည်း ကစ်ချီကလပ်အသင်း တာဝန်ရှိသူများ၏ မေတ္တာရပ်ခံချက်အရ ယခုခြေစမ်းပွဲများ ကစားပြီးမှသာ သွားရောက်မည် ဖြစ်သည်။

ကစ်ချီကလပ်အသင်းတွင် အင်ဒိုနီးရှား လက်ရွေးစင်ဘောလုံးသမားနှစ်ဦးကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူကစားခဲ့ရာ ယခုအခါ စာချုပ်သက်တမ်းစေ့သွား၍ ပါဝင်လာခြင်းမရှိပေ။ အင်ဒိုနီးရှားလက်ရွေးစင် နှစ်ဦးအနက် တိုက်စစ်မှူးရှေ့ကီပူထရီသည် နာမည်ကျော် ဘောလုံးသမားဖြစ်ပြီး အေစီမီလန်နှင့် ခြေစမ်းပွဲ၌ အနိုင်ဂိုးသွင်းပေးခဲ့သူဖြစ်သည်။ ကစ်ချီကလပ်အသင်းမှ ကျောနံပါတ် (၉) Cheng Sin Siu Chung နှင့် ကျောနံပါတ် (၁၁) Lam Hing Lun တို့သည် ဟောင်ကောင်မှဖြစ်ပြီး နည်းပြကစားသမားများဖြစ်သည်။ တစ်ဦးက အသက် ၃၅နှစ်၊ တစ်ဦးက အသက် ၃၇ နှစ်ဖြစ်ပြီး အသင်း၏ အသက်အကြီးဆုံးဖြစ်ကြသည်။

ကစ်ချီကလပ် အသင်းတွင် အသက် ၃၇နှစ် တစ်ဦး၊ အသက် ၃၅နှစ် နှစ်ဦး၊ အသက် ၃၄ နှစ် တစ်ဦး၊ အသက် ၃၃နှစ် တစ်ဦး၊ အသက် ၃၀ တစ်ဦး၊ အသက် ၂၈ နှစ်တစ်ဦး၊ အသက် ၂၇နှစ် သုံးဦး၊ အသက် ၂၄နှစ် တစ်ဦး၊ အသက် ၂၄နှစ် တစ်ဦး၊ အသက် ၂၂ နှစ် နှစ်ဦး၊ အသက် ၂၁နှစ် နှစ်ဦး၊ အသက် ၁၉နှစ် သုံးဦး၊ အသက်

ဟောင်ကောင် ကစ်ချီကလပ်အသင်းနည်းပြ Cheng Sin Siu Chung။ (မြန်မာ့အလင်း)

၁၈ နှစ် လေးဦးပါဝင်ကြသည်။ ကစ်ချီကလပ်အသင်း၏ ပျမ်းမျှ အသက်မှာ၂၅ နှစ် ဖြစ်သည်။ ဟောင်ကောင်အခြေစိုက် ဘောလုံးသမားများ၏ ပျမ်းမျှလစာမှာ အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြစ်ပြီး နိုင်ငံခြားမှ ခေါ်ယူသည့် ဘောလုံးသမားများ၏ ပျမ်းမျှလစာမှာ အမေရိကန်ဒေါ်လာ ၄၀၀၀ ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမေးမြန်း

ဟောင်ကောင်ကစ်ချီကလပ်အသင်း၏အုပ်ချုပ်သူ Mr.Sek Kam Wah အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းရာ "ဟောင်ကောင် အဆင့်မြင့်တန်းပြိုင်ပွဲ၌ ၁၀သင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ အဆင့် ၁မှ ၆ အထိကို (က)အဆင့် သတ်မှတ်ပြီး ကျန်လေးသင်းကို(ခ)အဆင့်ဟူ၍ သတ်မှတ်ထားကြောင်း၊ အဆိုပါ ၁၀သင်းအနက် တရုတ်ပြည်မကြီးမှ သုံးသင်းပါဝင်ကြောင်း၊ အဆင့်မြင့်တန်း ၁၀ သင်းပြိုင်ပွဲအပြင် ဒုတိယတန်းပြိုင်ပွဲကိုလည်းကျင်းပရာ ၁၈သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ မိမိတို့အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယ၊ ရှုံးထွက်ပြိုင်ပွဲ၌ ဒုတိယရရှိခဲ့ကြောင်း၊ ကစ်ချီကလပ်အသင်းအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြေစမ်းခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင်က Singtao Club အသင်းနှင့်အတူ တစ်ကြိမ်လာရောက်ခဲ့ဖူးကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ကြိုတင်ပြင်ဆင်မှုအနေအထားနှင့်ပတ်သက်၍"မိမိတို့အသင်းအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ ရက် ၂၀ခန့် ကြိုတင်ပြင်ဆင်ခဲ့ကြောင်း၊ အာရှတိုက်၌ မြန်မာဘောလုံးအသင်းသည် နာမည်ကောင်းရှိခဲ့၍ မိမိတို့ မြန်မာနိုင်ငံ၌ လာရောက်ခြေစမ်းရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာဘောလုံးသမားများသည် ကြိုးစားကစားလေ့ရှိ၍ စိတ်ဝင်စားပါကြောင်း၊ မိမိတို့အသင်းအနေဖြင့် အောက်တိုဘာ ၁၁ရက်မှ စတင်၍ ၂၀၀၅ခုနှစ် မေလအထိ ကျင်းပမည့် အဆင့်မြင့်တန်းပြိုင်ပွဲများ အကြိုပြင်ဆင်သည့်အနေဖြင့် ယခုကဲ့သို့ လာရောက်ခြေစမ်းရခြင်းဖြစ်ကြောင်း၊ အဆင့်မြင့်တန်း၌ ၁၀ သင်းရှိပြီး အိမ်ကွင်း၊ အဝေးကွင်း ယှဉ်ပြိုင်ရသဖြင့် ၁၈ပွဲကစားရပါကြောင်း၊ ဟောင်ကောင်၌လည်း ယခုနှစ် မိုးရွာသွန်းမှုများပြားသဖြင့် မြန်မာနိုင်ငံ နှင့် ရာသီဥတုကွာခြားမှုမရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ယှဉ်ပြိုင်ကစားမည်

မြန်မာ–ဟောင်ကောင်ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ လေးပွဲကျင်းပမည်ဖြစ်ရာ ဒုတိယပွဲစဉ်အဖြစ် ဩဂုတ် ၃၀ရက်၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကစ်ချီကလပ်အသင်း၊ တတိယပွဲစဉ်အဖြစ် စက်တင်ဘာ၂ရက်၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ကစ်ချီကလပ်အသင်း၊ စက်တင်ဘာ ၅ရက်၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အတွေ့အကြုံကောင်း

ကစ်ချီကလပ်အသင်းသည်အသင်းဖွဲ့စည်းမှုတောင့်တင်းသော အသင်းကောင်း တစ်သင်းဖြစ်သည်။ အီတလီမှ အေစီမီလန်၊ အင်္ဂလန်မှ နယူးကာဆယ်အသင်းတို့ကို ခေါ်ယူခြေစမ်းခဲ့သည်ကိုကြည့်လျှင်အဆင့်မြင့်အသင်းတစ်သင်းဟု ဆိုနိုင်သည်။ ယခု ကဲ့သို့ အဆင့်မြင့် ကစ်ချီကလပ်အသင်းနှင့် ခြေစမ်းကစားခွင့် ရရှိခြင်းအားဖြင့် မြန်မာဘောလုံးသမားများ အတွေ့အကြုံကောင်း ရရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

၂၀၀၄ခုနှစ်မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်း(အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲအုပ်စုပွဲစဉ်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံ၌ ဩဂုတ် ၂၇ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ၌ ပြည်ထဲရေးအသင်း၏ ရိုက်ချက်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကာကွယ်စဉ်။ (မြန်မာ့အလင်း)

မီးသတ်ညွှန်ချုပ် ဝန်ထမ်းအိမ်ရာစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ အရာရှိကြီးများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း၌ တည်ဆောက်လျက်ရှိသော ငါးထပ်တိုက် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန် ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် စမ်းချောင်းမြို့နယ် မီးသတ်စခန်းသို့သွားရောက်၍ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ထိန်းသိမ်းမှု၊ စက်သုံးဆီသုံးစွဲမှု၊ ဝန်ထမ်းနေအိမ်ခန်းများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

အရည်အချင်းရှိတဲ့ဆရာတွေနဲ့ တွေ့ခဲ့ရတယ်ဆိုတဲ့ ဆောင်းအိန္ဒြေထွန်း၊ဖန်ခြေနင်းနဲ့ယမင်းရွှေစင်ရုပ်သံဇာတ်လမ်းတွဲမှာ ဗီလိန်အဖြစ်သရုပ်ဆောင်ခဲ့သော ဆွန်ဟီးရဲ့မုန်တိုင်းပမာနှစ်များစွာ၊ဂျူးရဲ့ဝတ္ထုကိုအသက်သွင်းထားသော ရေခဲတောင်ဇာတ်ကားအတွက် စင်ရော်ကြီးနိုင်ငံခြားသွားပြန်ပြီ၊ရုပ်ရှင်ဇာတ်ကားကြော်ငြာတွေမှာ နာမည်ရှေ့နောက်ပြဿနာထဲမှာ ဝါကြီးသောရာဇာပြဿနာ၊ မြန်မာ့ဂီတသစ်နယ်ပယ်တွင် ကိုယ်ပိုင်သံစဉ်ဖြင့် တစ်ခေတ်တည်ဆောက်သွားခဲ့သော ထူးအိမ်သင်အတွက် အမှတ်တရဖြစ်သော တေးဆိုငှက်၏အလွမ်း၊ မောင်ကျော်ဇောရဲ့ စုံနံ့သာမြိုင်အလွမ်းနှင့် ဟောလိဝုဒ်၏ ရွှေရောင်မျိုးဆက်သစ် (သို့မဟုတ်) ရီစ်ဝယ်ဘာစပွန်းစသော ပြည်တွင်းပြည်ပရုပ်ရှင်နှင့် ဂီတအနုပညာရှင်စူပါတို့ ဘဝ၊ အလှများဖြင့် ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိလိုက်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မင်းတုန်းနှင့်ကံမမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ သင်ကြားမှုသင်ယူမှုစာသင်ခန်းများဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိ ရွှေချောင်းတံတားကိုဖွင့်လှစ်ပေးပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်-မုံရွာကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းတံတားအခြေအနေများနှင့် လမ်းဘေးဝဲယာရှိ မိုးစပါးနှင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ မင်းတုန်း မြို့နယ် ပြည်သူ့ဆေးရုံသို့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်ရောက်ရှိပြီး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးက ဆေးရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အမျိုးသားလူနာဆောင်၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းနှင့် အမျိုးသမီး လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံမေးမြန်း၍ လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်ပေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၁၁ နာရီတွင် မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတို့က သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဂုဏ်ပြုဆုငွေများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ၊ အိမ်တွင်းမှုနှင့် ရသပန်းချီခန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဂီတရသခန်း၌ ကျောင်းသား ကျောင်းသူကလေးများ၏ အဆိုအကများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲက မင်းတုန်းမြို့ မင်းတုန်းခန်းမ၌ မင်းတုန်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက မင်းတုန်းမြို့၏ အကျယ်အဝန်း၊ လူဦးရေ၊ လယ်ယာကဏ္ဍ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှု၊ စပါးနှင့်သီးနှံထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု စာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လမ်းတစ်လျှောက် လမ်းတံတားအခြေအနေများနှင့် မိုးစပါးနှင့် သီးနှံများစိုက်ပျိုးပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် စစ်ဆေးကြည့်ရှု ထွက်ခွာလာရာ ပုသိမ်-မုံရွာလမ်း မိုင်တိုင် ၂၅ မိုင်အရောက်တွင် ကံမမြို့ လမ်းခွဲသို့ရောက်ရှိပြီး လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် ကံမမြို့အဝင်လမ်းအတိုင်း ဆက်လက်ထွက်ခွာပြီး ကံမမြို့နှင့် ပြည်မြို့ နဝဒေးတံတားအနီးသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၆ မိုင်အရှည်ရှိ ကံမ-ပြည်လမ်းခွဲ မြေသားလမ်းကို စစ်ဆေးကာ လမ်းအဆင့်မြှင့်တင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကံမမြို့ ပြည်သူ့ဆေးရုံသို့ ညနေပိုင်းတွင်ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဆရာဝန်၊ သူနာပြုဆရာမများက ကြိုဆိုကြပြီး ပြင်ပလူနာဌာန၊ အမျိုးသား လူနာဆောင်၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကိုယ့်အားကိုယ်ကိုး ဓာတ်မှန်ခန်း၊ သားဖွားခန်း၊ သားဖွားနှင့် မီးယပ်ဆောင်၊ အမျိုးသမီးလူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ပံ့ပိုးမှုကို ထာဝစဉ်အားကိုးမနေဘဲ အချို့လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကံမမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး သင်ထောက်ကူစာသင်ခန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အိမ်တွင်း လက်မှုပန်းချီပြခန်း၌ ကျောင်းသား ကျောင်းသူများ ဖယောင်းခဲပန်းချီ၊ ခဲဆွဲပန်းချီ၊ ရေဆေးပန်းချီ၊ ပန်းစက္ကူလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ သိုးမွေးထိုးလုပ်ငန်း၊ အချုပ်အလုပ် လုပ်ငန်း၊ မြန်မာ့ရိုးရာ အစားအစာလုပ်ငန်းတို့ လက်တွေ့သင်ကြားလျက်ရှိသည်ကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဂီတနှင့် အနုပညာခန်း၌ ကျောင်းသား ကျောင်းသူလေးများ၏ အနုပညာစွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကံမမြို့ အခြေခံပညာအထက်တန်းကျောင်း မြဝတီခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ကံမမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက ကံမမြို့နယ်၏ စိုက်ပျိုးမြေဧက၊ စိုက်ပျိုးရေရရှိမှု အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှုနှင့် မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကံမမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးဆန်းလွင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ကံမ-ပြည်လမ်းသစ်



လမ်းဟောင်း	-	ကံမ-ပြကြီး-ဥသျှစ်ပင်-ပြည်-၅၈ မိုင် ၃ ဖာလုံ
လမ်းသစ်	-	ကံမ-ပြည်-၂၈ မိုင် ၄ ဖာလုံ
လျော့နည်းခရီး	-	၂၃ မိုင် ၇ ဖာလုံ

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဩဂုတ် ၂၁ ရက်က သာကေတမြို့နယ် အမက(၉)၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင်နှင့် အလှူရှင်များဖြစ်ကြသော ဦးအောင်ပို-ဒေါ်တင်ရီ မိသားစုက ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွာတစ်ရွာထုတ်ကုန်တစ်မယ်(တစ်မည်) စီမံချက်လုပ်ငန်းလေ့လာရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့ နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်သော ထိုင်းနိုင်ငံ၏ ရွာတစ်ရွာ ထုတ်ကုန်တစ်မယ် (တစ်မည်) စီမံချက် လုပ်ငန်းလေ့လာရန် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်း ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

လေ့လာရေးအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ချင်းမိုင်အထိ လမ်းခရီးတွင် ဆောင်ရွက်လျက်ရှိသော ရွာတစ်ရွာထုတ်ကုန်တစ်မယ် (တစ်မည်) စီမံချက်လုပ်ငန်းများအား ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ လေ့လာကြမည်ဖြစ်သည်။

၂၃ ဦးပါဝင်

အဆိုပါအဖွဲ့တွင် သမဝါယမဦးစီးဌာနမှ သုံးဦး၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ လေးဦးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်သော သမဝါယမအသင်းများမှ ၁၆ ဦး စုစုပေါင်း ကိုယ်စားလှယ်အဖွဲ့ဝင် ၂၃ ဦး ပါဝင်ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

အိုလံပစ်ချန်ပီယံအာဂျင်တီးနား၏ရှုံးပွဲမရှိစံချိန်ဆက်ထိန်းနိုင်မည်လား ပါရာဂွေးနှင့်ယှဉ်ပြိုင်ရမည့် ယနေ့ဗိုလ်လုပွဲ၌တွေ့မြင်ရတော့မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၇

အေသင် အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် တောင်အမေရိက အသင်း နှစ်သင်းဖြစ်သည့် အာဂျင်တီးနားနှင့် ပါရာဂွေးတို့ ဂရိနိုင်ငံ အေသင်မြို့ရှိ အိုလံပစ်အားကစားပြိုင်ကွင်းကြီး၌ ဩဂုတ် ၂၈ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

အာဂျင်တီးနား

ဗိုလ်လုပွဲကို တက်ရောက်လာသည့် အာဂျင်တီးနားအသင်းသည် အိုလံပစ်သမိုင်းတွင် ခြောက်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၂၈ ခုနှစ် အမ်စတာဒမ်အိုလံပစ်၌ ဒုတိယရရှိခဲ့ကာ ၁၉၉၆ခုနှစ် အတ္တလန္တာအိုလံပစ်၌လည်း ဒုတိယရရှိခဲ့ဖူးသော အစဉ်အလာရှိထားသည့် အသင်းဖြစ်သည်။

အာဂျင်တီးနားအသင်းသည် အေသင်အိုလံပစ် ခြေစစ်ပွဲအဖြစ် တောင်အမေရိကဇုန်တွင် ဘရာဇီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး ပါရာဂွေးကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရကာ ချီလီကိုနှစ်ဂိုးစီ သရေကစားခဲ့ပြီး တောင်အမေရိကဇုန်၌ အုပ်စုပထမဖြင့် အေသင်အိုလံပစ်ခရီးသို့ နှင်လာခြင်းဖြစ်သည်။

အာဂျင်တီးနားအသင်းမှာ ခြေစစ်ပွဲများ သုံးပွဲကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိဖြစ်ပြီး အေသင်အိုလံပစ်အုပ်စုပွဲမှ ဗိုလ်လုပွဲအထိ ကစားခဲ့ရာတွင်လည်း ရှုံးပွဲမရှိ၊ သရေပွဲမရှိ၊ ပေးဂိုးလည်း မရှိခဲ့ပေ။

အာဂျင်တီးနားအသင်းသည် အေသင်အိုလံပစ်ပြိုင်ပွဲဝင် ၁၆ သင်းတွင် ခြေစွမ်းအထက်မြက်ဆုံး၊ ဂိုးသွင်းအားအကောင်းဆုံးဖြစ်ပြီး အကြိုဗိုလ်လုပွဲကစားပြီးချိန်အထိ ငါးပွဲကစားခဲ့ရာ ၁၆ ဂိုးသွင်းထားနိုင်ခဲ့သည်ကသက်သေပြလျက် ရှိသည်။ အာဂျင်တီးနားအသင်းတွင် ဆာဗီယိုလာ၊အာယာလာ၊ကီလီဂွန်ဇာလက်နှင့် ဟိန့်ဇ်တို့ ခြေစွမ်းပြကစားနိုင်ကြပြီး အသင်းကို ဦးဆောင်ဦးရွက်ပြုကစားနိုင်ကြသူများလည်း ဖြစ်သည်။

စွမ်းဆောင်နိုင်

အာဂျင်တီးနားအသင်းတွင် လူငယ်ခြေတက်များဖြစ်သည့် အယ်ဂါဒို၊ လူးဝစ်ဂွန်ဇာလက်နှင့် တေဗက်ဇ်တို့ကလည်း ရှေ့နောက်လိုက်ပါ ကစားနိုင်ကြသူများဖြစ်ပြီး အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်သည်။ အထူးသဖြင့် အာဂျင်တီးနားဂိုးသမား လပ်ခ်ဂါမင်သည် သေချာပေါက်ဂိုးများကို လက်စွမ်းပြကာကွယ်နိုင်ပြီး ဗိုလ်လုပွဲအထိ တစ်ဂိုးမျှမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း အသိအမှတ်ပြုရမည် ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာသော အာဂျင်တီးနားအသင်းသည် ရှုံးပွဲမရှိစံချိန်ကို တင်ထားနိုင်ခဲ့ခြင်းမှာ အိုလံပစ်သမိုင်းတွင် ဗိုလ်စွဲခဲ့ဖူးသော အသင်းများ၏ အစဉ်အလာနှင့် တစ်ထပ်တည်းကျလျက်ရှိနေသည်က အံ့သြဖွယ်ရာပင် ဖြစ်သည်။

လက်ရှိခြေစွမ်းအရ တောင်အမေရိကအသင်းနှစ်သင်း ဗိုလ်လုပွဲ၌ ဆုံတွေ့သည်ဆိုသော်လည်း အာဂျင်တီးနားတို့ကို ပါရာဂွေးတို့ ယှဉ်နိုင်ရန်မလွယ်ပါချေ။

ပါရာဂွေး

အာဂျင်တီးနားနှင့် ဗိုလ်လုပွဲ၌ ဆုံတွေ့မည့် ပါရာဂွေးအသင်းမှာ အေသင်အိုလံပစ်ခြေစစ်ပွဲကာလက ဘရာဇီးအသင်းကိုတစ်ဂိုး– ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သော်လည်း အာဂျင်တီးနားကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့ပြီး တောင်အမေရိကဇုန်၌ အုပ်စု ဒုတိယဖြင့် အိုလံပစ်ခရီးလမ်းကို လျှောက်လှမ်းလာခဲ့သောအသင်းဖြစ်သည်။

အေသင်အိုလံပစ် အားကစားပွဲတော် အကြိုဗိုလ်လုပွဲတွင် အာဂျင်တီးနား တိုက်စစ်မှူး လူးဝစ်ဂွန်ဇာလက်စ် (အလယ်)၏ထိုးဖောက်ကစားမှုကို အီတလီမှ ဒီရိုဆီနှင့် ပင်ဇီတို့က ဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အုပ်စုပွဲများ ကစားခဲ့ရာတွင် ဂျပန်နှင့် အီတလီတို့ကို အနိုင်ရပြီး ဂါနာကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးကာ နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စု (ခ) အုပ်စုပထမရကာ ကွာတားဖိုင်နယ်တွင် တောင်ကိုရီးယားကို သုံးဂိုး–နှစ်ဂိုးဖြင့်အနိုင်ရခဲ့သဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။ အကြိုဗိုလ်လုပွဲ၌ အီရတ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ပါရာဂွေးအသင်း အုပ်စုပွဲများနှင့် အကြိုဗိုလ်လုပွဲအထိ သွင်းဂိုး ၁၂ ဂိုးရှိပြီး ပေးဂိုးရှစ်ဂိုးရှိခဲ့ရာ ပါရာဂွေးတို့ ခံစစ်ကြောင်း မခိုင်မာမှုကို ပြသနေသည်။ ပါရာဂွေးနောက်တန်းခံစစ်မှူးများဖြစ်သည့် မာတီနက်ဇ်၊ မင်ဇူယာ၊ အသင်းခေါင်းဆောင် ကာလော့စ်ဂါမာရာ၊ ဆီလ်လိုအီဂွယ်လ်နှင့်တောရက်စ် တို့က တစ်ဖက်အသင်းတိုက်စစ်ဆင်ချိန်တွင် တစ်ဦးချင်းနိုင်အောင် မထိန်းနိုင်ကြချေ၊ ဖြတ်တောက်ဖျက်ထုတ်နိုင်မှုလည်း အားနည်းလျက်ရှိရာ လျင်မြန်သော အာဂျင်တီးနား တိုက်စစ်မှူးများကို ထိန်းထားနိုင်ရန်မလွယ်ပေ။

ပါရာဂွေး ရှေ့တန်း၌ ခြေစွမ်းပြနေသော တိုက်စစ်မှူး ဂါဒိုဗိုနှင့် ဘာရီရိုတို့ကို ကွင်းလယ်မှ တိကျသော ဘောလုံးပေးပို့မှုများ ဖန်တီးပေးနိုင်လျှင် ဂိုးရအောင်သွင်းနိုင်ကြသူများ ဖြစ်သော်လည်း ခိုင်မာတောင့်တင်းသော အာဂျင်တီးနားနောက်တန်းကို ကျော်လွှားနိုင်ရန် အပြင်းအထန် ကြိုးစားမှ ရမည့်အနေအထားရှိသည်။

အစဉ်အလာ

မည်သို့ပင်ဖြစ်စေ အိုလံပစ်သမိုင်းကြောင်းအစဉ်အလာအရ ရှုံးပွဲမရှိ အသင်းများသာ ဗိုလ်စွဲနိုင်ခဲ့ကြရာ ယင်းအစဉ်အလာမှတ်တမ်းကို အာဂျင်တီးနားတို့ကဆက်လက်ထိန်းသိမ်းသွားမည်သာဖြစ်သည်။ အေသင်အိုလံပစ်ခြေစစ်ပွဲမှသည် နောက်ဆုံးဗိုလ်လုပွဲအထိ ရှုံးပွဲမရှိခဲ့သော အာဂျင်တီးနားတို့သာ ၂၀၀၄ အေသင်အိုလံပစ်ဘောလုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးသွားမည်လား၊ သမိုင်းအစဉ်အလာကို ဖျောက်ဖျက်ပြီး ပါရာဂွေးတို့ကပဲ ရွှေတံဆိပ်ကိုဖြတ်ပြီး ရယူသွားမည်လားဆိုသည်ကို မကြာမီ မြင်တွေ့ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံလူငယ်ဘောလုံးပြိုင်ပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့်ရွှေပြည်သာအကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၄ ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၇ နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲမှစတင်၍ မရမ်းကုန်းမြို့နယ် နဝဒေးအားကစားကွင်း၌ ဆက်လက် ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် ရွှေပြည်သာမြို့နယ်အသင်းနှင့် ကွမ်းခြံကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသော စိုးပိုင်(ကွမ်းခြံကုန်း)အား ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြီးညိုက ငွေကျပ်ငါးထောင် ပေးအပ်ချီးမြှင့်သည်။

ဒုတိယပွဲစဉ်အဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းနှင့် မရမ်းကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မရမ်းကုန်းမြို့နယ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသောထက်နိုင်ဝင်း(မရမ်းကုန်း)အား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်တိုင်း အားကစားမှူး ဦးလှဝင်းက ငွေကျပ် ငါးထောင်ပေးအပ်ချီးမြှင့်သည်။

(ခခ)အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ရွှေပြည်သာမြို့နယ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မရမ်းကုန်းမြို့နယ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးလေးမှတ်၊ ကွမ်းခြံကုန်းမြို့နယ်အသင်းက နှစ်ပွဲသရေ၊ တစ်ပွဲရှုံး နှစ်မှတ်ရရှိပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အသင်းနှင့် မရမ်းကုန်းမြို့နယ်အသင်းတို့ လေးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်းကအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်း ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

ဩဂုတ်၂၈ရက်**(ယနေ့)**တွင် အကြိုဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် သုံးခွမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အသင်း၊ ဒုတိယပွဲစဉ်အဖြစ်ရွှေပြည်သာမြို့နယ်နှင့် ကမာရွတ်မြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အိုလံပစ်အမျိုးသမီးဘောလုံးဗိုလ်လုပွဲ ဘရာဇီးအသင်းငွေတံဆိပ်ဖြင့်ကျေနပ်လိုက်ရ

အေသင် ဩဂုတ် ၂၇

အိုလံပစ်ပွဲတော် အမျိုးသမီးဘောလုံး ဗိုလ်လုပွဲစဉ်အဖြစ် ဘရာဇီးအမျိုးသမီးအသင်းနှင့် အမေရိကန်အမျိုးသမီးအသင်းတို့သည် ကြာသပတေးနေ့က အေသင်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။



အမေရိကန် အမျိုးသမီးဘောလုံး အသင်းနှင့် ဘရာဇီး အမျိုးသမီးဘောလုံး အသင်းတို့ ဩဂုတ် ၂၆ ရက်က အေသင်မြို့ ကာရိစ်ကာကီ အားကစားကွင်း၌ နောက်ဆုံး ဗိုလ်လုပွဲ အဖြစ် ယှဉ်ပြိုင် ကစားရာ ဘရာဇီးမှ ဒီနီလာက ခုန်၍ ခေါင်းတိုက်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန် အမျိုးသမီးအသင်းမှ အက်ဘီဝမ်ဘတ်ချ်က အချိန်ပိုတွင် တစ်ဂိုးသွင်းပေးလိုက်ခြင်းဖြင့် အမေရိကန်အသင်းက ဘရာဇီးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆွတ်ခူးသွားခဲ့၍ ဘရာဇီးအမျိုးသမီးအသင်းသည် ဒုတိယငွေတံဆိပ်ဖြင့် ကျေနပ်လိုက်ရသည်။

အဆိုပါ အမေရိကန် အမျိုးသမီး တိုက်စစ်မှူးသည် အချိန်ပို ၂၂ မိနစ် တွင် ခရစ္စတိုင်းလီလီက ဂိုးရှေ့သို့ အမြောက်ကန်ပေးလိုက်သည်ကို ခေါင်းတိုက်သွင်းယူသွားခြင်း ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလား နှစ်ကြိမ် ရရှိခဲ့ရာတွင် ပွဲပေါင်း ၂၀ ပါဝင်ကာ ၁၈ဂိုး သွင်းပေးခဲ့သူ ဖြစ်သည်။

တိုက်စစ်မှူး လင်ဆေးတာဖလီက အမေရိကန်အသင်းအတွက် ပထမပိုင်းပြီးခါနီး ခြောက်မိနစ်တွင် သွင်းယူခဲ့ပြီး ဘရာဇီးတိုက်စစ်မှူး ပရီတင်ဟာက ၇၃ မိနစ်တွင် ချေပဂိုးသွင်းခဲ့သည်။

တတိယနေရာလုပွဲအဖြစ် ဂျာမနီအမျိုးသမီး ဘောလုံးအသင်းနှင့် ဆွီဒင်အမျိုးသမီး ဘောလုံးအသင်းတို့သည် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားကြရာတွင် ဂျာမနီအသင်းက ဆွီဒင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိကာ တတိယကြေးတံဆိပ်ကို ဆွတ်ခူးသွားသည်။ **အမ်အင်အေ၊ရိုက်တာ**

မစ်ဒယ်ဘရော့ကွင်းလယ်ကစားသမား ဂျူနင်ဟို ဆဲလ်တစ်အသင်းသို့ရောက်ရှိ

လန်ဒန် ဩဂုတ် ၂၇

ဘရာဇီးကွင်းလယ်ကစားသမား ဂျူနင်ဟိုသည် အင်္ဂလိပ်ပရီမီးယားလိဂ် မစ်ဒယ်ဘရော့အသင်းမှ စကော့တလန်ချန်ပီယံ ဆဲလ်တစ်သို့ နှစ်နှစ် စာချုပ်ဖြင့် သွားရောက်ကစားမည် ဖြစ်သည်။

အသက် (၃၁) နှစ်ရှိ အဆိုပါ ဘောလုံးသမားသည် နိုင်ငံတကာ ပွဲပေါင်း ၅၀ ပါဝင်ကစားခဲ့ပြီး ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ဘရာဇီးချန်ပီယံ ဖြစ်စဉ်က အဓိက ပါဝင်စွမ်းဆောင်ခဲ့သူဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဆီယံ(ယူ–၂၀)လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာဒိုင်လူကြီးတာဝန်ထမ်းဆောင်မည်

ရန်ကုန် ဩဂုတ် ၂၇

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပမည့် အာဆီယံ အသက်(၂၀)နှစ်နှင့်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ဦးထွန်းထွန်း(ပြည်ထဲရေး)သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။**(ဝဲပုံ)**

အဆိုပါပြိုင်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် မြန်မာ၊ ဘရူနိုင်း၊ စင်ကာပူတို့မှ တစ်ဦးစီနှင့် ဗီယက်နမ်မှနှစ်ဦး၊ လက်ထောက်ဒိုင်လူကြီးအဖြစ် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်တို့မှ တစ်ဦးစီနှင့် ဗီယက်နမ်မှ နှစ်ဦး တာဝန်ပေးအပ်ခြင်းခံရကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖြူးဆရာတော် တရားပွဲ

ရန်ကုန် ဩဂုတ် ၂၇

ဘဒ္ဒန္တနရပတိ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်းပြည်ပ မဟာစည် နာယက ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော်အရှင်မြတ်သည် ဩဂုတ်၂၉ရက်(တနင်္ဂနွေနေ့)ည၌ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးဓမ္မာရုံ၌လည်းကောင်း၊ ၃၀ရက် (တနင်္လာနေ့)နံနက် ၉ နာရီ၌ ဒဂုံမြို့သစ် (မြောက်ပိုင်း) စမ်းမြသီတာ မဟာစည်ရိပ်သာနှင့် မွန်းလွဲ ၁ နာရီ၌ ဒေါပုံမြို့နယ် ဓမ္မသီတဂူ အေးရွာကျောင်းတိုက်၌လည်းကောင်း၊၃၁ရက်(အင်္ဂါနေ့)ည၌ မန္တလေးမြို့မဟာအောင်မြေမြို့နယ် ရေပန်းကျောင်းတိုက်၌လည်းကောင်း တရားပွဲများ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ရေးရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၇

ရပ်ကွက်နှင့် ကျေးရွာအုပ်စုတိုင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်က လားရှိုး အထက(၁) ခန်းမ၌ ကျင်းပရာ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်စန်းမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဦးနှင့် ဓာတ်ဟိန်း (သီပေါ)တို့ကဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးမောင်မောင်အုန်းကစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ရှင်းလင်းပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**





ယူရို ၂၀၀၄ ကံထူးရှင်အား ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၇

International Beverages Trading Co., Ltd. ကကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ဥရောပဖလား (ယူရို ၂၀၀၄) ဘောလုံးပြိုင်ပွဲ ရင်ခုန်သံများနှင့်ချန်ပီယံကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်း ၅၀ ကံထူးရှင်အား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက် ညနေ ၆နာရီခွဲက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ International Beverages Trading Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ အရောင်းနှင့်ဈေးကွက် ဒါရိုက်တာ ဦးမိုးသန်းချစ်က ကံစမ်းမဲအစီအစဉ်မှ ကျပ်သိန်း ၅၀ ကံထူးရှင် ဦးခင်ဇော်အား ဆုငွေပေးအပ်ချီးမြှင့်သည်။

(ဝဲပုံ) (က-ပ)

လောင်းလုံးမြို့နယ်ကျေးရွာအလင်းစေတမန် စာကြည့်တိုက်ဖွင့် လှူဒါန်းသောစာအုပ်၊ ငွေပဒေသာပင်များ လက်ခံ

ထားဝယ် ဩဂုတ် ၁၅

ထားဝယ်ခရိုင်လောင်းလုံးမြို့နယ် သကျက်တော ကျေးရွာ၏ အလင်းစေတမန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်တွင် ပြုလုပ်ကျင်းပသည်။

အခမ်းအနားတွင်သကျက်တော ကျေးရွာ တောင်သာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသံဃပီယမှ အလင်းစေတမန် စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားသွားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်ကကျေးလက်ဖွံ့ဖြိုးရေးနှင့်စာကြည့်တိုက်အကြောင်းကိုဟောပြောသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်များ လှူဒါန်းသော စာအုပ်များနှင့် ငွေပဒေသာပင်များကို စာကြည့်တိုက် အမှုဆောင်များက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ခမောက်ကြီးမြို့နယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ ဂျာနယ်များ ပေးအပ်လှူဒါန်း

ကော့သောင်း ဩဂုတ် ၂၅

ခမောက်ကြီးမြို့နယ် မာရမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၉ရက်က ကျင်းပသည်။ ခမောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ဦးသန်းရွှေ ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးချစ်လှိုင်တို့က ကျေးရွာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးက ကျေးရွာဥက္ကဋ္ဌဦးချစ်လှိုင်သို့ မဂ္ဂဇင်း၊ ဂျာနယ်စာအုပ် ၅၀ကို ကျေးရွာစာကြည့်တိုက်အတွက်ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကလောမြို့ သန့်ရှင်းရေးဆောင်ရွက်

ကလော ဩဂုတ် ၅

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှသည် မြို့သန့်ရှင်းလှပသာယာရေးအတွက် ပြည်ထောင်စု လမ်းမကြီးနှင့် တက္ကသိုလ်လမ်းဘေး တစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းမှုနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန် စေရန် ဆောင်ရွက်မှုတို့ကို ဇူလိုင် ၂၀ရက်က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၄၀၈)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ရှင်းလင်းပြောကြား

တာချီလိတ် ဩဂုတ် ၂၅

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၈နာရီခွဲက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိုးစိုးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတက်ရောက်

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ကြပြီး သင်တန်း ကာလမှာ ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကျေးလက် သတင်းနှင့် မြင်ကွင်း

လက်နှိပ်တုံကင်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

နတ်မောက် ဩဂုတ် ၁၀

နတ်မောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကလေးအိမ် (အရှေ့) ရွာနှင့် မရိုးတော ကျေးရွာတို့၌ တွင်းတိမ်လက်နှိပ်တုံကင် တပ်ဆင်ပြီးစီးမှုအခြေအနေကို ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ဇူလိုင် ၂၈ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးကံချွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုး သက်တို့ကဆောင်ရွက်မှု အခြေအနေကို ရှင်းလင်း တင်ပြကြသည်။

အဆိုပါလေးအိမ် (အရှေ့)ကျေးရွာရှိ ၉၁အိမ်မှ လူဦးရေ ၄၈၀ အား အကျိုး ပြုပြီး မရိုးတော ကျေးရွာသည်အိမ်ခြေ၁၂ ရှိပြီးလူဦးရေ၈၃၀ အတွက် အကျိုးပြုနိုင်မည် ဖြစ်သည်။ **(ဝဲပုံ)** **(မြို့နယ်စည်ပင်)**

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်မှူး မဟာစည်ကွက်သစ်မြေအောက်ရေ တူးဖော်မှုကြည့်ရှု

မိတ္ထီလာ ဩဂုတ် ၂၅

မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့က မိတ္ထီလာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှမိတ္ထီလာမြို့မဟာစည် ကွက်သစ် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းခွင်သို့ဇူလိုင်၃၀ရက်ကသွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** အဆောက်အအုံ ဆောက်လုပ်မည့် နေရာများအား ပန္နက်ရိုက်ပေးကြသည်။

ထို့နောက် အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်က မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊အဆောက်အအုံဆောက်လုပ်နိုင်မည့်နေရာများ၊ မြို့ရေကောင်း ရေသန့် ဖြန့်ဝေနိုင်ရေးအခြေအနေများရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းစေရန်၊ ရေအရည်အသွေး ကောင်းမွန်သဖြင့် လုပ်ငန်းအားလုံးကို အရှိန်အဟုန် မြှင့်တင်ဆောင် ရွက်သွားရန် မှာ ကြားသည်။

မိတ္ထီလာကန် ရေအား အစားထိုး ပေးဝေ နိုင်ရန် အတွက်၁၀လက်မ စက် ရေတွင်း၁၀ တွင်း တူးဖော် လျက်ရှိရာ စက်ရေတွင်း အမှတ် (၁)သည်တစ်နာရီ ရေထွက်နှုန်း ဂါလန် ၁၅၀၀၀ နှင့် စက် ရေတွင်း အမှတ် (၂) မှာ ရေ ထွက် နှုန်း တစ်နာရီ ဂါလန် ၁၇၀၀၀စီ ထွက်ရှိကြောင်း သိရသည်။ **(က-ပ)**

ကြီးကြပ်ဆောင်ရွက်

အမရပူရမြို့နယ်ရွှေစာရံကျေးရွာ ကာဝန်းတံတား တည်ဆောက်မှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမန်းနှင့် အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသိန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၃၁၃)

သြဂုတ် ၁၈ရက်ကသာယာဝတီခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သြဂုတ် ၁၈ရက်က သုံးဆယ်ချောင်း၌ ကျင်းပရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ဆယ်သိန်း ငါးသောင်းကို ငါးမျိုး စိုက်ထည့်စဉ်။ (ခရိုင် ပြန်/ဆက်)

မူးမြစ်ဖျားစီးပွားရေးသမဝါယမအသင်းစုနှစ်ပတ်လည်စည်းဝေး

ပင်လည်ဘူး သြဂုတ် ၅

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့နယ် မူးမြစ်ဖျား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၀ ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်ဥက္ကဋ္ဌဦးညွန့်မြိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးမျိုးမြင့်တို့ကအမှာစကားများပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် စစ်ကိုင်းတိုင်း သမဝါယမလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်သော ပင်လည်ဘူးမြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအဆင့်ဆင့်တို့ကို လုပ်ငန်းအောင်မြင်မှုဂုဏ်ပြုလက်မှတ်နှင့် ပထမဆုဖလားအား မြို့နယ်ဥက္ကဋ္ဌက မြို့နယ်သမဝါယမဦးစီးဌာနမှူးအား ပေးအပ်ချီးမြှင့်သည်။ (၂၇၁)

သြဂုတ် ၁၁ ရက်က မိုးကောင်းမြို့ ဆားမှော်-ထီးချိုင့်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (ပြည်နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

စက်ရေတွင်းများပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

ရေဦး သြဂုတ် ၂၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် သြဂုတ် ၁၄ ရက်က ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖွင့်လှစ်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေးပညာပေးဆွေးနွေးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ တက်ရောက်လာကြသည့် ကျေးရွာ ၁၄ ရွာမှ စက်ရေတွင်းကော်မတီဝင်များနှင့် ကိုင်တွယ်ထိန်းသိမ်းသူ ၂၈ဦးတို့အား စက်ရေတွင်းများ ရေရှည်ထိန်းသိမ်းရေးနှင့် ဆောင်ရွက်ရမည့် အစီအမံများကို ဆွေးနွေးပြောကြားကြောင်း သိရသည်။ **(က-ပ)**

ပုပ္ပားတောင်ဒေသဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကျောက်ပန်းတောင်း သြဂုတ် ၂၀

သစ်တောဦးစီးဌာန မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ပုပ္ပားတောင်ဥယျာဉ် အဆင့်မြင့် နားနေဆောင် Popa Mound Resort Cup စတုတ္ထအကြိမ်မြောက် ဝန်ထမ်းများ၊ ဌာနစုအလိုက် တစ်ဖက်ခုနစ်ယောက်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကိုသြဂုတ် ၁၅ ရက်က ပုပ္ပားမြို့ အထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ဘောလုံးပြိုင်ပွဲသို့ ပုပ္ပားတောင်အဆင့်မြင့် နားနေဆောင် အုပ်ချုပ်ရေးမှူး Woodland Group of Companiesမှ President Mr. frankie Chonနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊မြို့ပေါ်အားကစားဝါသနာရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲတွင် စားဖို့ဆောင်ဌာနအသင်းနှင့် နေ့စား ဝန်ထမ်းများအသင်းတို့ယှဉ်ပြိုင်ကစားကြရာနေ့စားဝန်ထမ်းများအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိရာ ပထမဆုဖလားကို အုပ်ချုပ်ရေးမှူး Mr.frankie Chon က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၆၁)

မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပြည်သူ့ပန်းခြံအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေး ပန်းခင်းအလှဆောင်ရွက်မှုကို သြဂုတ်၁၅ရက်က တွေ့ရစဉ်။

(မြို့နယ်စည်ပင်)

သြဂုတ် ၉ရက် က မကွေးမြို့ ကန်ပြားကျေးရွာ အစိုးရနည်းပညာ ကောလိပ်ကျောင်းဝင်းအတွင်း တွင်း တူး စက် ဖြင့် စက်ရေတွင်းတူးဖော်မှုနှင့် ပတ် သက် ၍ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်နှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်ဝင်းဝင်းမြင့်တို့က ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ကွတ်ခိုင် သြဂုတ် ၁၀

ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် ဇူလိုင်၂၆ ရက်က ကွတ်ခိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ကွတ်ခိုင်မြို့နယ် ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၄ဦးတို့၏နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွတ်ခိုင်မြို့နယ် ဦးစီးအရာရှိ ဦးနေမျိုးလှိုင်က ကျောင်းသား ကျောင်းသူများသို့ ပေးအပ်သည်။ **(က-ပ)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၃၀-၈-၂၀၀၄ (တနင်္လာနေ့)

- New Worlds To Conquer
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်အထူးပြုကျောင်းသား၊ ကျောင်းသူများ
  - Trees and Erosion
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်အထူးပြုကျောင်းသား၊ ကျောင်းသူများ
  - Buddha's Philosophy
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ကျောင်းသူများ

၃၁-၈-၂၀၀၄ (အင်္ဂါနေ့)

- The General Characteristics of Contemporary Western Philosophy
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- Earth's Major Biomes
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ပထဝီဝင်အထူးပြု ကျောင်းသား၊ကျောင်းသူများ
- Carbohydrates
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်သတ္တဗေဒ၊ဓာတုဗေဒ အထူးပြု ကျောင်းသား၊ကျောင်းသူများ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ

၁-၉-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- Classification of Plants
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- Classification of Social Networks
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
  - The Nature of Jurisprudence
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
  - Essentials of a Valid Contract
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၂-၉-၂၀၀၄ (ကြာသပတေးနေ့)

- Commercial Law
  - ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- Problems of Philosophy, The Nature and Scope of Philosophy
  - ရန်ကုန်အဝေးသင်တက္ကသိုလ် တတိယနှစ် ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ကျောင်းသူများ

၃-၉-၂၀၀၄ (သောကြာနေ့)

- Psychology In Home Life
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
  - The Psychology of Communication
- ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ကျောင်းသူများ
  - Scope and Methods of Social Psychology
  - ရန်ကုန်အဝေးသင်တက္ကသိုလ် ဒုတိယနှစ်စိတ်ပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၄-၉-၂၀၀၄ (စနေနေ့)

- အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၅-၉-၂၀၀၄ (တနင်္ဂနွေနေ့)

- အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သားတို့၊ သမီးတို့ချစ်တဲ့ ချစ်ဖေဖေ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတရေ ဒူးရင်းသီး ဦးစိုးမြင့်၏ ၂၅-၈-၂၀၀၄ ရက်တွင် ကျရောက်သော အသက်(၆၉)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နှစ်တစ်ရာကျော်တိုင်အောင် အများအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်စေကြောင်း သားသမီးများက ဆုတောင်းမေတ္တာရည်လောင်းပါသည်။

ချစ်ဇနီး – **ဒေါ်ခင်မာရီ**
သမီး – မရီရီမြင့်–ဒေါက်တာဌေးလွင်
သား – ကိုဝင်းနိုင်–မသီသီဦး
သား – ကိုသန့်နိုင်–မချိုချိုပြုံး
သား – ကိုအေးနိုင်
သမီး – မထွေးသီတာ
သမီး – မမျိုးမျိုးကြိုင်–ကိုသန်းဇော်
သမီး – မမျိုးမျိုးစမ်း
သား – ကိုကျော်ထွေးနိုင်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျွန်တော်တို့ချစ်တဲ့ ကျွန်တော်တို့ရဲ့ဆရာ အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတရေ ဒူးရင်းသီး ဦးစိုးမြင့်၏ ၂၅-၈-၂၀၀၄ရက်တွင် ကျရောက်သော အသက်(၆၉)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နှစ်တစ်ရာကျော်တိုင်အောင် အများအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်စေကြောင်း ဆရာရဲ့တပည့်များက ဆုတောင်းမေတ္တာရည်လောင်းပါသည်။

မျိုးနို့ဆီလုပ်သားများ၊
အမှတ် ၂၈၆၊ အနော်ရထာလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

ဖိတ်ခေါ်ပါတယ် FAVOURITE
[illegible]
SURE ? [illegible] CARRY ON FAVOURITE [illegible]
☎- 545075, 544215 [illegible]

[illegible]
[illegible] (၂၈-၈-၂၀၀၄) နေ့တွင်ကျရောက်သည့် [illegible]
[illegible]
[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အထက(၂)လသာ
၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူ
ကျောင်းသူများ အာစရိယပူဇော်ပွဲ

အထက(၂) လသာ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူ ကျောင်းသူများ အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပါ၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသူများအားလုံး ၁-၉-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)မှ ၁၀-၉-၂၀၀၄ ရက် (သောကြာနေ့)အတွင်း နံနက်၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ကျောင်းသို့ လာရောက်ဆက်သွယ်လှူဒါန်းကြပါရန် အကြောင်းကြားပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
၂၀၀၃-၂၀၀၄ ပညာသင်နှစ်။

လေလှိုင်း
T.V, Video နှင့် Satellite များကို သင့် စိတ်တိုင်းကျ အိမ်အရောက်လာ၍ ပြုပြင်တပ်ဆင်ပေးသည်။ **ဦးသက်နောင်ဝင်း**
Electronic Technician
ဖုန်း- ၅၄၅၃၆၁။

အမည်ပြောင်း

ဦးထွန်းထွန်းဦး–ဒေါ်အိသန္တာ သန့်တို့၏သမီး ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ဒုတိယတန်း (ဈ)မှ မနှင်းပွင့်ဖြူအား မဆုဖြူစင်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုဖြူစင်ထက်။

မန္တလေး တူးတူး
မြန်မာထမင်းဆိုင်
မြန်မာထမင်း ဟင်း ကောင်းကောင်း
သုံးဆောင်လိုသော မိတ်ဟောင်းမိတ်သစ်များ
အတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို
စခန်းသာ – ရန်ကုန်ဘူတာကြီးတွင် နေ့စဉ် နံနက်
(၁၁:၀၀) နာရီ မှ ည (၈:၀၀) နာရီ အထိ
ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။
(အခအားစနီးမြင့်လည်းသုံးဆောင်နိုင်ပါသည်။)
စခန်းသာ – ရန်ကုန်ဘူတာကြီး
ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁

မှော်ဘီမြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုး၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးကြည်မြင့်နှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့ ဦးဆောင်၍ ဩဂုတ်၂၁ရက်က ဆပ်သွားတော–ညောင်နှစ်ပင်–ကြာကန်စုကျေးရွာချင်းဆက်လမ်းဘေးဝဲယာရှိ အရိပ်ရပင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းဆယ်ယူခြင်းနှင့် ခြင်ဆေးပက်ဖျန်းခြင်းကို ဈေးသူဈေးသားများ၊စည်ပင် ဝန်ထမ်းများနှင့် ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ လက်ထောက်အင်ဂျင်နီယာ ဦးသန်းဦး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌဦးခင်လေးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (ဝ၄ဝ)

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်စေရေးအတွက်မိုးရာသီတွင် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ်၄ရက်က စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ ရေနုတ်မြောင်းအရှည်ပေ၄၀၀ ကို တူးဖော်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂)ဦးသန်းထွန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်ရွာသာကုန်းအုပ်စု ညောင်သာယာကျေးရွာတွင်ကျေးလက်အိမ်ရာစီမံကိန်းအရ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဦးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းသိုက်တို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (၂၆၅)



ဩဂုတ်၃ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရုံးတွင်းစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဗဟို ပျိုးဥယျာဉ်နှင့် မျိုးစေ့ထုပ် စိုက်ခင်းအတွင်း မြက်များရှင်းလင်းခြင်း၊ ပေါင်းနုတ်ခြင်း၊မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြရာညွှန်ကြားရေးမှူး ဦးတင်ချို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ကျေးဇူးဆပ်ပါမည်

LYSSAVAC N BERNA (Zydus Cadila) Drng Registration Certificate ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပို့ပေးရန်။ **Dr.တင်မိုး၊ ဖုန်း-၂၄၉၅၉၁-၃(Ext-153)။**

ဖခင်အမည်မှန်

အထက(၃) တာမွေ အဋ္ဌမတန်း(D)မှ မောင်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးကျော် ၁၂/သလန(နိုင်)၀၃၆၆၆၀ ဖြစ်ပါသည်။ **ဦးအေးကျော်။**

အမည်ပြောင်း

ဦးဝင်းငွေ၏သမီး အထက (၃) သဃ်္ဃန်းကျွန်း တက္ကသိုလ်ဝင်တန်း(A)မှ မကရေစီအား မအေးငြိမ်း ငြိမ်းဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မအေးငြိမ်းငြိမ်းဖြိုး။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၅၃၁ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် နေ့မှစ၍ (၁၅) ရက်အတွင်း ကညန၊ (မြစ်ကြီးနား) သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ (မြစ်ကြီးနား)
ကချင်ပြည်နယ်။



VACANCY

for local service, pay in Kyats

Marketing Executive 5 Posts
Male (or) Female - 20-35 yr.
Sales/marketing/field experience necessary
Very attractive salary with commission

Graphic Designer/ Artist / Painter 2 Posts
Male - 25-40 yr.
Photoshop/ CorelDraw/ Illustrator
Designing experience - essential
Full time/ part-time with attractive salary

Assistant Graphic Designer 2 Posts
Male (or) Female - 20-30 yr.
Basic computer skills - essential

Office Assistant 2 Posts
Male (or) Female - 25-35 yr.
10th Standard pass

Driver 1 Post

Pls send your CV (with copy of labour reg.) to:

ASIAN TIME
Advertising Agency Ltd.
194/196 Mahabandoola Road,level 3 & 4,
(corner of 51 street), Yangon.
within 10 days of this advertisement.

အလိုရှိသည် (ပြည်တွင်း၌ခန့်ထားရန်)

၁။ စက်ရုံအင်ဂျင်နီယာ B.E (Mechanical) ကျား (၇) ဦး အသက် (၃၀)အောက်

၂။ စက်ရုံလက်ထောက် အင်ဂျင်နီယာ A.G.T.I (Mechanical) ကျား (၁၅)ဦး အသက် (၂၅)အောက်

၃။ စက်ရုံလက်ထောက် အင်ဂျင်နီယာ I.T.C/T.H.S ကျား (၅) ဦး အသက် (၂၅)အောက်

လျှောက်ထားသူများသည် အိမ်ထောင်မရှိသူ လူပျိုဖြစ်ရမည်။ Site တွင် နေ့/ည ဂျူတီခွဲ၍ ဆင်းနိုင်ရမည်။ နေထိုင်စားသောက်မှုကို စီစဉ်ပေးမည်။

လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သုံးလအတွင်း ရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ ပါရမည်။ ကြော်ငြာသည့်နေ့မှ ၁၀ရက်အတွက် အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

U KYU FAMILY GRAINS & MANUFACTURING Co.,Ltd.
အမှတ်(၁၇/၁၉)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများတက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် အောက်ပါသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) ကြီးကြပ်ရေးမှူးသင်တန်း (၃/၂၀၀၄)
(ခ) အခြေခံလျှပ်စစ်အတတ်ပညာသင်တန်း (၁/၂၀၀၄)

၂။ သင်တန်းတက်ရောက်လိုသူများသည် မိမိတို့၏ ကိုယ်ရေးရာဇဝင်များနှင့်အတူ ဦးအေးကြည် ရုံးအဖွဲ့မှူး၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ၅၀၄/၅၀၆၊ ကုန်သည်လမ်း၊ ဖုန်း-၂၄၁၉၁၉ သို့ လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

အနူးအညွတ်တောင်းပန်ပါသည်

၂၀၀၃ခုနှစ် ဒီဇင်ဘာလထုတ် ပါရမီမဂ္ဂဇင်း စာမျက်နှာ (၈၉)ပါ ကျော်လှိုင်၏ ဆောင်းပါးဖြစ်သော 'ကမ္ဘဝါစာ၏တန်ခိုး အကျိုးအာနိသင်များ(၅)' ၌ ပါသော ဖြစ်ရပ်သည် ထိုဆောင်းပါးပါ အမျိုးသမီးနှင့် လုံးဝ မပတ်သက်ပါ။ ဆောင်းပါးပါ အမျိုးသမီး၏ ဖြစ်ရပ်များကို မမှန်မကန် ဖော်ပြမိခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤအမှားအတွက် ဤနေရာမှနေ၍ အနူးအညွတ်တောင်းပန်ပါသည်။ **ကျော်လှိုင်**
၂/၉၆၊ အောင်မင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပမြို့နယ်။

အမည်ပြောင်း

ဦးဝင်းဦး၏သား တောင်ငူ အထက (၂) နဝမတန်း (E)မှ မောင်နိုင်လင်းအောင်အား မောင်နိုင်လင်းထွန်းဟုပြောင်းလဲခေါ်ပါရန်။
မောင်နိုင်လင်းထွန်း(တောင်ငူ)။

ကိုနေမင်းထွန်း(ခ) ဖိုးတက် မြင်းခြံမြို့ အသက်(၂၉)နှစ်

မြင်းခြံမြို့ အမှတ် ၈ ရပ်ကွက်၊ ယမုံနာမုန့်တိုက်နေ (ဦးပြုံး)-ဒေါ်မွှေးမွှေးတို့၏သား၊ ကိုအောင်မျိုးလတ်၊ မဝါဝါပြုံး တို့၏ညီ/မောင်၊ မသစ်သစ်ပြုံး၏အစ်ကို ကိုနေမင်းထွန်း(ခ) ဖိုးတက်သည် ၂၄-၈-၂၀၀၄ရက် နံနက် ၁၁နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၈-၂၀၀၄ရက်တွင် မြင်းခြံမြို့ ရွာစည်သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

လူထုပညာရေးမှူးဟောင်း ကျောင်းဆရာကြီး ဦးညွန့်(အငြိမ်းစား) အသက်(၈၄)နှစ်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တန့်ဆည် မြို့နယ် ကျွန်းတောကုန်းရွာနေ (ဦးအောင်ဒွန်း - ဒေါ်ငွေမှုံ) တို့၏ သားကြီး၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ကြံခိုင်ရေးစံပြရပ်ကွက်သစ်၃၅/၆၈ လမ်းထောင့် အိမ်အမှတ်(၁၉)နေ ဦးခင်မောင်ဌေး (ရှေ့နေ)၊ ဦးခင်မောင်အေး၊ Dr.ရီရီမြင့် (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ ဦးခင်မောင်ညွှန့်၊ ဦးခင်မောင်စိုး၊ဦးခင်မောင်ကြည်-ဒေါ်မြင့်မြင့်မိုးတို့၏ဖခင်၊ မောင်မင်းရန်နိုင်၊ မောင်မင်းရန်ပိုင်၊ မရွှေရည်မိုးတို့၏ ဘိုးဘိုး၊ ဒေါ်တင်မြ၏ ခင်ပွန်းသည်၂၂-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၁၀း၅၂နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ မန္တလေး ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ဘိုကလေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၃-၈-၂၀၀၄ ရက်က တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ။

ဝမ်းနည်းကြေကွဲခြင်း ဒေါ်လှမြင့် (ဥက္ကံမြို့) အသက်(၆၄)နှစ်

ချစ်သူငယ်ချင်း ခင်စန္ဒာဝင်း၏ချစ်လှစွာသောမိခင် ဒေါ်လှမြင့်သည် ၂၅-၈-၂၀၀၄ရက်တွင် ကွယ်လွန်ခဲ့ခြင်းအတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။
သူငယ်ချင်းများ - သီဟ၊နေခြည်၊ဘိုဘို၊ မြင့်သိန်း၊ အောင်အောင်၊ ဖောင်း၊ မီကို၊ မျိုး၊ ရူပါ၊ စံပယ်၊ မာမီ၊ နန္ဒာ၊ ဒေါ်ထူး။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ပိဋကတ်သုံးပုံဒါယိကာမကြီး ဒေါ်ကြည် (ပဲခူး) အသက်(၇၆)နှစ်

ပဲခူးမြို့နေ(ဦးသူတော်-ဒေါ်စိမ်းမြ) တို့၏သမီး၊ အမှတ်၁၅၊ အနောက်ဗဟိုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးကြင်ထွန်း-(ဒေါ်သန်းမြ)၊(ဒေါ်နီ)တို့၏ညီမ၊ ဦးတင်ဝင်း-ဒေါ်နီနီဝင်း (အမက-၇ ဗဟန်း)၊ ဒေါ်ကြည်ကြည်ဝင်း(အထက-၁ ဗဟန်း)၊ ဦးကိုကို (သု/ဖွံ့တိုင်းရင်းဆေး)-ဒေါ်သန်းသန်းရီ (အေးရိပ်သာဆေးခန်း)၊ ဗိုလ်မှူးသန်းထွန်း(က-ကထုတ်)-ဒေါ်ဆွေမာတင်(Marubeni Corporation)တို့၏ အဒေါ်သည် ၂၄-၈-၂၀၀၄ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထိန်လင်း (ပုလောမြို့၊ ကော့သောင်းမြို့) အသက်(၇၅)နှစ်

(ဦးစိန်ထွေး-ဒေါ်စိန်ရှင်)တို့၏သား၊ (ဦးသာဒင်-ဒေါ်အေးမြင့်)တို့၏သားသမက်၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ပေါ်ဦးလမ်းနေ၊ ဒေါ်လှလှဝေ၏ခင်ပွန်း၊ (ဒုရဲအုပ်ဦးမြင့်ဝင်း)-ဒေါ်စီစီလင်း(သူနာပြု-မြိတ်ဆေးရုံ)၊ ဦးသန့်ဇင်-ဒေါ်ခင်ခင်ဌေး(တရားရုံးချုပ်ရှေ့နေ၊ မြိတ်)၊ ဦးသိန်းနိုင်-ဒေါ်ရင်ရင်လင်း(ကော့သောင်း)၊ ဦးအောင်လွင်-ဒေါ်တင်တင်လင်း (သူနာပြု ထားဝယ်ဆေးရုံ)၊ ဦးကိုကိုလင်း-ဒေါ်မာမာသိန်း (မြေစာရင်း ဦးစီးဌာန-ထားဝယ်)၊ (ဦးဘရိုတ်-ဒေါ်စပယ်ဖြူလင်း)၊ ဦးတင့်လွင်-ဒေါ်ဆွေဆွေ(ထားဝယ်)၊ ဦးစည်သူလင်း-ဒေါ်အေးအေး (ထားဝယ်)၊ ဦးအောင်ထွေး-ဒေါ်သီဂီလင်း(သစ်တောဦးစီးဌာန၊ ကော့သောင်း) တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် အမှတ် ၁၁၆၊ အမိုးရေတွင်းလမ်း၊ ဈေးတန်းရပ်၊ မြိတ်မြို့နေအိမ်၌ ၂၄-၈-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မြိတ်မြို့၊ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ **ကျန်ရစ်သူမိသားစု။**

တိုက်ခန်းရောင်းရန်ရှိသည်

အမှတ်(၉)၊ (၉၉)လမ်း၊ တိုက်(၃)၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာစက်မှုဇုန်။ အဆင့်မြင့် ပြင်ဆင်ပြီး၊ Air Con နှစ်လုံးပါသည်။ ဦးရာလူဦးစားပေးမည်။ အလျှော့အတင်းရှိသည်။
ဆက်သွယ်ရမည့်ဖုန်း-
မနီနီခိုင် ၇၂၆၇၅၂၊
၇၀၀၂၁၈၊၆၃၆၄၄၈
(ဦးကြည်စိုးမော်-ဖုန်း-၅၃၆၆၀၁)

မြောင်းမြမြို့နယ်အသင်းရာသက်ပန်အသင်းဝင် ဦးအန်ရွှေစိန်(ခ)ဦးရွှေစိန်

စိန်အမိန့်ရငွေချေးလုပ်ငန်း-သဃ်္ဃန်းကျွန်းမြို့နယ်

အသက်(၈၃)နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ၉ရပ်ကွက်၊ လမ်း ၄၀၊ အမှတ် ၂၉၇ မြေညီထပ်နေ (ဦးအန်ဘွန်ကက်-ဒေါ်ဝမ်ကီဖာ) တို့၏သား၊ မြောင်းမြမြို့နယ်အသင်း ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်ဌေးဌေးရီ၊ ဦးဟုတ်ငွေ-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ဝင်း-ဒေါ်စန်းစန်းအေး၊ ဦးတင်ဝင်း-ဒေါ်အေးအေးတို့၏ဖခင် ဦးအန်ရွှေစိန်(ခ)ဦးရွှေစိန်သည် ၂၄-၈-၂၀၀၄ ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် ဂူသွင်း သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးနှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့။

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဦးထိန်လင်း(ပုလော၊ကော့သောင်း) အသင်းဝင်အမှတ်(၂၂၃၁) အသက်(၇၅)နှစ်

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ပေါ်ဦးလမ်းနေ ဒေါ်လှလှဝေ၏ခင်ပွန်း ဦးထိန်လင်းသည် မြိတ်မြို့ အမှတ်၁၁၆၊ အမိုးရေတွင်းလမ်း၊ ဈေးတန်းရပ်၊ ဦးသန့်ဇင်-ဒေါ်ခင်ခင်ဌေး တို့၏ နေအိမ်၌ ၂၄-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါ နေအိမ်မှ မြိတ်မြို့၊ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဒေါ်အေးမူ(ခ)အမာ (ပြည်မြို့)
အသက်(၈၂)နှစ်

ပြည်မြို့နေ(ဦးတင်–ဒေါ်ရှင်)တို့၏သမီး၊ (ဦးမြ)၊(ဦးကျော်လှ)–ဒေါ်ဝင်းကြည်တို့၏ညီမ၊ ဦးအုန်းဆိုင်–(ဒေါ်တင်တင်အေး)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံလမ်း၊ ရွှေဂုံရိပ်သာတိုက် ၁၊ အခန်း ၈ နေ ဒေါ်အေးမူ(ခ)အမာသည် ၂၆–၈–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယိကာမကြီး
ဒေါက်တာဒေါ်ခင်သင်းရီ (May Maung)
(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောခိရိပ်သာလမ်း၊ ၄၂(က)နေ (သခင်ဘမောင်–ဒေါ်စိန်)တို့၏တစ်ဦးတည်းသောသမီး၊ ပါမောက္ခဒေါက်တာမြသောင်း(ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ အတိုင်ပင်ခံ တပ်မတော်ဆေးတက္ကသိုလ်နှင့်တပ်မတော်ဆေးရုံကြီးများ)၏ဇနီး၊ (ဦးပါငယ်)၊ (ဦးစိုးတင့်)တို့၏ညီမ၊ ဗိုလ်မှူးဇော်ဝင်းအောင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ Director, Pole Star Survey Co., Ltd.)–ဒေါ်ဦးဦးမြ၊ ဒေါက်တာခင်မောင်ဖြူ(A & O Co.,Ltd.)–ဒေါ်မွန်မွန်မြ၊ဒုတိယဗိုလ်မှူးကြီးအောင်ကျော်လှ–ဒေါ်အိအိမြ၊ ဦးစိုးမင်း–ဒေါက်တာခိုင်ရီမြ(ခေတ္တ–စင်ကာပူ)၊ ဦးအောင်ကျော်မြ(MD, Aurora Coporation, Japan)–ဒေါ် ချိုလှမြင့်၊ (ဦးဝင်းမြ)–ဒေါ်အေးအေးကျော်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၇–၈–၂၀၀၄ရက်(သောကြာနေ့)နံနက် ၁း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂–၉–၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မြင့် (လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)

၂၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းမင်း–ဒေါ်မိမိလေး
နေလကြယ်ဆေးတိုက်၊တောင်ငူမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မြင့် (လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင်)

မခင်စောယုအောင်–ကိုအောင်ထွဋ်ဦး၊ မခင်ဇာလီအောင်–ကိုဝေလွင်တို့၏ဖခင်၊ ဒေါ်ဖြူသီ၏ချစ်လှစွာသောခင်ပွန်း၊ ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး၊ သီတဂူသာသနာပြုအဖွဲ့ အမှုဆောင်လူကြီး(သီတဂူကျောင်းဒါယကာ)၊ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းဒါယကာ ဦးအောင်မြင့်(ခ)Freddy Mg Mg သည် ၂၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေဝယက္ခဆေးတိုက် မိသားစု၊ ပဲခူးမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောလွင် (ရွှေဘိုမြို့)
အသက်(၈၇)နှစ်

ဦးကျော်ကျော်(ညွှန်ကြားရေးမှူး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန)–ဒေါ်ခင်မြမော်(ပါမောက္ခ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)တို့၏မိခင် ဒေါ်စောလွင်(ရွှေဘိုမြို့)သည် ၂၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာစီမံခန့်ခွဲရေးသင်တန်းသားများ(ရန်ကုန်တိုင်း)။

ဒေါ်မြဝေ
မြဝတီစာပေတိုက်(ငြိမ်း)
အသက်(၆၄)နှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ သီရိမွန်လမ်း၊ အမှတ် ၆ နေ (ဦးပန်းညွန့်–ဒေါ်အေးခင်)တို့၏သမီး၊ (ဦးမြသောင်း)၏ဇနီး၊ မဝင်းဝင်းမော်(Earth Industrial Myanmar Co.,Ltd.)၊ မောင်ဇော်မိုးလွင် (မိဘမေတ္တာ ဆာဗိုဘရိတ်)– မမြင့်မြင့်ခိုင် (မြန်မာ့စီးပွားရေးဘဏ်)၊ မောင်ဝင်းအောင်စိုး(လင်းဆာဗိုဘရိတ်) – မအေးအေးလွင်၊ မောင်စောအောင်ဘွား–မဇာနည်ဝင်းသောင်းတို့၏မိခင်၊ မမြတ်ဘုန်းဆင့်၊ မောင်မြတ်ဘုန်းဆိုင်၊ မအိအိသိမ့်တို့၏အဘွားသည် ၂၆–၈–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှဖေ
(ဦးစီးမှူး၊ ငြိမ်း၊ စာရင်းစစ်)
(ကျိုက္ကဆံရပ်ကွက်)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် ၉၁၇ နေ ဒေါ်ဘေဘီ၏ခင်ပွန်း၊ ဒေါ်ညိုညို၏အစ်ကို၊ ဦးတင်ဖေ–ဒေါ်စိန်မြင့်၊ ဒေါ်စိန်စိန်၊ ဒေါ်သန်းသန်းဦး၊ ဦးလှသိန်း–ဒေါ်တရုတ်မ၊ ဦးမျိုးသိန်း–ဒေါ်အေးမေ၊ ဦးခင်မောင်မြင့်(ရေနံ/သယ်ပို့)–ဒေါ်ခင်ခင်ဆွေ(ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ကြီးများရုံး)၊ (ဒေါ်ခင်အုန်းမြင့်)၊ ဦးလှငွေး–ဒေါ်စန္ဒာထွေးတို့၏ဖခင်၊ ဒေါ်ယဉ်ဆွေမြင့်(ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)၊ ဒေါ်တင်ဆွေမြင့်(အမက–၂၊ဒဂုံအရှေ့ပိုင်း)၊ မြေး ၁၇ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၆–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၃း၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ
ဒေါ်ခင်မြမွန်
အသက်(၄၉)နှစ်

ရန်ကုန်မြို့နေ ဦးသန်းစိန်–ဒေါ်နုကြည်တို့၏သမီး၊မအူပင်မြို့နေ(ဦးဘဏ်တင်–ဒေါ်ကျင်ရီ)တို့၏ သမီးချွေးမ၊ ပျဉ်းမနားမြို့နေ ဦးရဲမြင့်–ဒေါ်ကျင်အေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးကျော်သိန်း–ဒေါ်ခင်မြလွင်တို့၏ညီမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ မြန်မာ့အသံဝန်ထမ်းအိမ်ရာ၊ အခန်း ၇၊ တိုက် ၄ နေ ဦးစိန်ရဲ(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ဇနီး၊ ဦးမျိုးမင်း–ဒေါ်ဖြိုးဖြိုးမြင့်(MRTV-3)၊ ဦးကိုကိုကြီး–ဒေါ်အေးသီတာခိုင်(MRTV-3)၊ ဦးကိုကိုလေးတို့၏မိခင်သည် ၂၇–၈–၂၀၀၄ရက် နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မကျင်ပိုင်
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၇၄၅/က နေ ဦးခင်မောင်ငွေး၏ဇနီး၊ (ဦးအောင်ကြည်)–ဒေါ်ခင်ဥတို့၏သမီးလတ်၊ (ဦးသိန်းဝင်း)–ဒေါ်ကြူကြူ၊ ဒေါ်ညွန့်ညွန့်သန်း(ပြည်တွင်းရေကြောင်း)တို့၏ညီမ၊ ဦးတင်အေး–ဒေါ်ယဉ်ယဉ်အေး၊ ဦးမျိုးသိန်း–ဒေါ်ဝါဝါပြုံး၊ ဦးဝင်းဇော်–ဒေါ်လှလှမြိုင်၊ ဦးလှမျိုး–ဒေါ်သော်တာတို့၏ အစ်မသည် ၂၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းကန်၊ ဇရပ် ဒါယိကာမကြီး
ဒေါ်မြစိန် (တောင်တွင်းကြီး)
အသက်(၉၀)

တောင်တွင်းကြီးမြို့၊ ဒက္ခိဏကျောင်းမြောက်ဘက် တောင်ပြင်(၁)ရပ်နေ (ဦးလူမောင်–ဒေါ်သီ)တို့၏သမီး၊ (ဦးသာစိန်)၏ဇနီး၊ ဦးအောင်သိန်း–(ဒေါ်အုန်းရင်)တို့၏အစ်မ၊ ဦးတင်ရွှေ(လ/ထညွှန်မှူး၊ ငြိမ်း)–ဒေါ်ညိုမြ၊ ဦးစိန်လွင်(အကောက်ခွန်မှူး၊ ငြိမ်း)–ဒေါ်ကျင်စွမ်၊ ဦးစိုးတင့်–ဒေါ်ခင်မြင့်၊ ဦးလှမြင့်၊ ဦးဝဇီရဗုဒ္ဓိ(ဇာလီတောင် တာဝန်ခံဝန်ဆောင်ဆရာတော်)၊ (ဦးမိုးမြင့်)–ဒေါ်ဝင်းကြည်တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၇–၈–၂၀၀၄ရက် နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် တောင်တွင်းကြီးမြို့ မြို့မသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်အေး
အသက်(၇၀)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ်(၃)၊ ဇာဒက်ကြီးကျွန်းလမ်း၊ ၁၈(အီး)နေ (ဦးထွန်းခင်–ဒေါ်သဲခင်)တို့၏သမီး၊ (ဦးကျော်ဟန်–ဒေါ်ဖွားသီ)တို့၏သမီးချွေးမ၊ ဦးအောင် မြင့်(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ ဦးလှမြင့်–(ဒေါ်တင်ကြည်)၊ (ဦးမောင်ဘဏ်–ဒေါ်တင်မီ) ဒေါ်လှအေးတို့၏ညီမ၊ ဒေါ်ကျင်သောင်း၊ ဦးမြကြိုင်–ဒေါ်အေးအေးဆန်၊ ဦးမြအေး–(ဒေါ်မြကျင်)၊ ဦးအေးမြိုင်–ဒေါ်အေးကြည်၊ ဦးမျိုးခင်(ခ)ဦးမြတ်ချိုတို့၏ အစ်မ၊ ဒေါ်အေးအေးသန်း (အလပြ၊ အမက–၅၊ တောင်ဒဂုံ)–ဦးသိန်းဝင်း(AWPM)၊ ဒေါ်လဲ့လဲ့ဝင်း–ဦးသန်းဦး(Uniteam)၊ ဦးစိုးရ(2nd Mate FG Lizstar)–ဒေါ်နီလာမျိုးဦး၊ ဒေါ်အိအိခင်–ဦးတင်မောင်မြင့်(ခေတ္တ–ဂျပန်)၊ မမြင့်သူဇာ(AWPM)၊မလှသဒ္ဒါ(AWPM၊ 1st Japanese UFL)တို့၏မိခင်၊ မထူးနန္ဒာဦး (VII-G အထက–၂၊ လသာ)၊ မအိသန္တာဖြိုး(IV-G၊ အထက–၂၊ လသာ)၊ မောင်အုပ်စိုးရ (KG၊ အထက–၁၊ ဒဂုံ)၊ မမြင့်မြတ်နိုးအောင်တို့၏ အဘွားသည် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄း၂၀ နာရီတွင် ဗဟိုရ်ရစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးသွယ် အသက်(၈၇)နှစ် မကျန်းမာစဉ် မေတ္တာစေတနာတို့ဖြင့် ဆေးဝါးကုသပေးခဲ့ကြသော အမှတ်(၂)တပ်မတော်ဆေးရုံမှ တပ်မှူးနှင့်တာဝန်ကျဆရာဝန်ကြီးများအားလည်းကောင်း၊ တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးသမားတော်ကြီးများအားလည်းကောင်း၊ ဈာပနကိစ္စအတွက် အဘက်ဘက်မှစေတနာမေတ္တာဖြင့် ကူညီစောင့်ရှောက်ပံ့ပိုးပေးကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးတို့အားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အရာထမ်းဝန်ထမ်းများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ထွေအုပ်ဦးစီးဌာန ညွှန်ချုပ်တို့အားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အားလည်းကောင်း၊ အမှတ်(၂)စစ်ဒေသမှူးအားလည်းကောင်း၊ ကျောင်းဆင်းညီနောင် လုပ်ဖော်ကိုင်ဖက်အားလုံးအားလည်းကောင်း၊ ဈာပနတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းမြိုင် (မြောင်းမြ)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၆၄ နေ (ဦးဖိုးတွဒ်–ဒေါ်မယ်စိန်)တို့၏သား၊ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ (ဦးဝင်းထိန်)–ဒေါ်သန်းငြိမ်း၊ ဦးတင်အောင်ငွေး–ဒေါ်ခင်ငွေး (ဒို့ခေတ်ရောင်းဝယ်ရေး)၊ မင်္ဂလာဒုံမြို့နယ်၊ သပြေလမ်းနေ ဦးမောင်မောင်မြင့် – ဒေါ်သစ်သစ်လွင်၊ ဒေါ်ညိုညိုအေး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်းနေ ဦးသန်းထွန်း–ဒေါ်တင်မာဝင်း၊ ဦးဇော်ဝင်း–ဒေါ်အေးမျိုးစိုး၊ ဦးမျိုးမင်းဇော်–ဒေါ်ယဉ်ယဉ်ငွေး၊ မောင်နေမျိုးနိုင်တို့၏ဖခင်၊ မြေး ၁၆ယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၆–၈–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာကြီး စောဝီလ်ဆင်သိန်း
(သန်လျင်မြို့)
အသက်(၈၄)နှစ်

သန်လျင်မြို့၊ အမှတ် ၅၀၊ ရွှေဝါလမ်း၊ အမှုထမ်းရပ်ကွက်နေ (ဦးမောင်သိန်း–နော်စေးရာ)တို့၏ သားကြီး၊ ဒေါ်နော်ကြည်၏ခင်ပွန်း၊ စောတင်မိုး–နော်ဂျူးဘဲလ်၊ ဆရာမနော်အဲဗလင်သိန်း(အငြိမ်းစား၊သူနာပြုဆရာမကြီး၊ မြောက်ဥက္ကလာပဆေးရုံ)၊ နော်ထူးဖောသိန်း–စောပေါလ်၊ သိက္ခာတော်ရဆရာ ရော့ကီသိန်း–ဆရာမနော်မူအယ်ဒင်၊ (ဆရာမနော်ဖရီဒါသိန်း)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၆–၈–၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၅း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၈–၈–၂၀၀၄ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် သန်လျင်ကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ပျဉ်ထောင်ကျောင်းခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသောင်းရွှေ
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အမှတ် ၅၄၊ မြန်မာ့ဂုဏ်ရောင်လမ်းနေ (ဦးမောင်တင်–ဒေါ်သန်းခင်)တို့၏သားထွေး၊ ဦးချစ်အေး–(ဒေါ်စောရင်)တို့၏သားသမက်၊ ဦးလှ–ဒေါ်အေးဆင့်၊ ဦးထွန်းရီ–ဒေါ်စိန်မြ၊ ဦးစိုးမြင့်–ဒေါ်ခင်ခင်–ဒေါ်မြင့်မြင့်၊ (ဒေါ်ညွန့်ရီ)၊ (ဒေါ်ညွန့်တင်–ဦးလှတင်)၊ ဦးသိန်းမြင့်–ဒေါ်မြရီတို့၏ ညီ/မောင်၊ ဒေါ်စန်းစန်းဦး(ခ)ဒေါ်ရှမ်းမ၏ခင်ပွန်း၊ ဦးဘဏ်ထွန်းဦး–ဒေါ်ဝါဝါချို၊ ဒေါ်အေးသန္တာဦး[Ph.D (thesis)၊ သရုပ်ပြ၊ ရူပဗေဒဌာန၊ရန်ကုန်တက္ကသိုလ်]၊ မောင်ကျော်နိုင်ထွန်းဦး၊ ဒေါ်အေးသန္တာလွင်–ဦးယဉ်အောင်(ခိုင်ဆန်းရော်ဘာလုပ်ငန်း)၊ မောင်ထိန်လင်းစိုးတို့၏ဖခင်၊ မောင်စိုးထက်အောင်(VI–B၊ ထ–၅၊ တာမွေ)၊ မခိုင်မြတ်နွယ်[Pre KG (ILBC)]၊ မောင်ရဲသူရ၊ မပန်းအိဇင်တို့၏အဘိုးသည် ၂၇–၈–၂၀၀၄ရက်(သောကြာနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
မဟာကဝိဘိသက္ကပဏ္ဍိတ
သမားတော်ကြီး
ဦးကျော်မြင့်နိုင်(ခ)ဦးရင်ထူး
(ဒဘဗ၀၊ တဆ–၇၄–၉၄)
(တပ်ကြပ်ကြီး၊ ငြိမ်း၊ အမှတ်–၂၊တပ်မတော်ဆေးရုံ)
(ထွဋ်ခေါင်ဆေးတိုက်ပိုင်ရှင်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘဏ်ကောက် – ဒေါ်ခင်လှ)တို့၏သားကြီး၊ဆိပ်ဖြူမြို့နယ်နေ(ဦးဖိုးထွား–ဒေါ်အုန်းဆင့်)တို့၏သားသမက်၊အမှတ် ၃ (ပထမထပ်)၊ ဓမ္မာရုံလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ [ဒေါ်မြင့်ခိုင်(ခ)မဂျမ်း]၏ခင်ပွန်း၊မခင်မျိုးနိုင်(MPPE)၊ မခင်မျိုးညိမ်းနိုင်(အာမခံ)၊မခင်မျိုးသက်နိုင်(အာမခံ)၊ မခင်မျိုးယုနိုင်(CEIE)၊ မောင်ကျော်နိုင်ဦး၊ တပ်ကြပ်ကျော်လင်းနိုင်(မြိတ်)–ဒေါ်နန်းမူ၊ (မခင်မျိုးချစ်နိုင်)တို့၏ဖခင်၊ [ဦးခင်မောင်လတ်(ခ)ဦးရင်တိုး]–ဒေါ်မြင့်မြင့်တို့၏အစ်ကို၊ မကြယ်စင်လင်းနိုင်၊ မောင်ဂျူနီယာကျော်လင်းနိုင်တို့၏အဘိုးသည် ၂၅–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၃၀နာရီ တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တံတားဒါယိကာမကြီး
ဒေါ်ကြော့(ခ)ခေါ်ကကျော့ရ
အသက်(၉၉)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဘုရားလမ်း၊ အိမ်အမှတ် ၉ နေ (ဦးကျင်မောင်)၏ဇနီး၊ ဦးလှ–ဒေါ်လှမြင့်၊ (ဦးထရုံစိမ်း–ဒေါ်ချစ်)၊ဦးထရုံပို့(ခ)ဦးမြင့်ဦး–ဒေါ်ယုံ၊ ဦးငွေဝင်း–ဒေါ်နှင်းရီ၊ ဦးညွန့်ဟန်–ဒေါ်ကျင်ရီ(ခ)ဒေါ်အန်းကောက်တို့၏မိခင်၊ မြေး၊ မြစ်၊ တီ ၆၉ ယောက်တို့၏အဘွားသည် ၂၇–၈–၂၀၀၄ရက် နံနက် ၈း၄၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၀၄ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်လှ
(ပြည်/ပေါက်ခေါင်း)
အသက်(၉၇)နှစ်

ပေါက်ခေါင်းမြို့နေ (ဦးစံဖေ–ဒေါ်ညက်တာ)တို့၏သမီး၊ ပြည်မြို့၊ အမှတ် ၄၇၈၊ တပ်လမ်းနေ (ဦးကြယ်)၏ဇနီး၊ [ဗိုလ်မှူးအုန်းမြင့်(ငြိမ်း) – ဒေါ်ညွန့်ရီ]၊ ဗိုလ်မှူးရဲဝင်း(ငြိမ်း)–ဒေါ်မြမြ၊ ဦးသန်းမြင့်–ဒေါ်ခင်ငွေး၊ (ဗိုလ်မှူးသိန်းမြင့်၊ ငြိမ်း)–ဒေါ်ယဉ်ယဉ်မြ၊ (ဦးကြည်မြင့်)–ဒေါ်ညွန့်ညွန့်၊ ဦးစိုးမြင့်–ဒေါ်ခင်ဆန်းရီတို့၏မိခင်၊ ဦးထွန်းမြင့်၊ ဦးထွန်းလွင်–ဒေါ်တင်တင်မြင့်၊ ဦးသောင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီးမြင့်စိုး–ဒေါ်ဆွေဆွေမြင့်၊ ဒေါ်သက်သက်မြင့်၊ ဒေါက်တာဇင်မြင့်–ဒေါ်သီတာ၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇံမြင့်–ဒေါ်ခင်ရဲမွန်၊ ဦးကျော်ခိုင်မြင့် (PIL Shipping)–ဒေါ်တင်တင်ငွေး၊ ဒေါ်မာလာမြင့် (အလက–၅၊ မရမ်းကုန်း)၊ ဦးကျော်ဟန်မြင့်၊ ဦးကျော်သူမြင့်၊ ဦးတင်ထွန်း(ပြည်၊ စည်ပင်)–ဒေါ်အေးအေးမြင့်၊ ဦးဇော်မြင့်၊ ဦးဇော်မျိုးမြင့်၊ ဦးမောင်မောင်မြင့်–ဒေါ်မျိုးမြင့်မြတ်အေး၊ မနှင်းယဉ်မြင့်၊ (ဦးအောင်ဆန်းမြင့်)၊ ဦးကျော်စိုးမြင့်၊ ကိုကျော်ကျော်မြင့်၊ ကိုကျော်မိုးမြင့်၊ မဖြူလေးမြင့်၊ကိုဖြိုးဇင်မြင့်တို့၏အဘွား၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၈း ၄၅ နာရီတွင် ပြည်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရီ
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ တိုက်အမှတ် ၁၂၉၉/၁၃၀၀၊ အခန်း ၃၂ (အပေါ်ဆုံးထပ်)နေ (ဦးဘိုးဦး–ဒေါ်ဒေါ်စိန်)တို့၏သမီးလတ်၊ (ဒေါ်စောလှ)၊ (ဦးသာနု–ဒေါ်မြတင်)၊ (ဦးအုန်းမြင့်–ဒေါ်အေးစိန်)၊ (ဦးစိန်မောင်–ဒေါ်ကြည်)တို့၏ညီမ၊ ဦးသန်းမြင့် (စီမံ/ဘဏ္ဍာဝန်ကြီးရုံး)–ဒေါ်သောင်းတင့်၊ (ဗိုလ်ကြီးခင်ရွှေ–ဒေါ်ခင်ကြည်)၊ (ဒေါ်မေစီဦး) (ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏အစ်မ၊ မမြင့်မြင့်ခိုင် (ထောက်/ပို့ ဌာနခွဲ၊ အကောက်ခွန်)၏ကြီးကြီးသည် ၂၆–၈–၂၀၀၄ရက်တွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်သန်း(ခ)ဒေါ်သောင်း
လဝက(ငြိမ်း)တာမွေ
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းစိန်–ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ မောင်လမြိုင်မြို့နေ(ဦးညွန့်–ဒေါ်ညွန့်ညွန့်)၊ဦးချစ်တင်–ဒေါ်တင်တင်၊ ရန်ကုန်မြို့နေ ဦးသိန်းတင်–ဒေါ်သန်းသန်း၊ ဦးအောင်ကို–ဒေါ်ငြိမ်းငြိမ်း၊ ဦးမောင်မောင်မြင့်–ဒေါ်ချိုချိုတို့၏ညီမထွေး၊ (ဦးဝင်း) ဒေါ်သန်းမြင့်တို့၏အစ်မသည် ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၁၃၊ သမိန်ဗရမ်းလမ်းတို၊နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်ရှိ နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဝေဠုဝန်နိကာယဂဏရက္ခိတ
ရန်ကုန်တိုင်း ဝေဠုဝန်နိကာယဝိနယပရိယတ္တိစာမေးပွဲဥက္ကဋ္ဌ
ဘဒ္ဒန္တ ဇဋိလ
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက ဘဒ္ဒန္တဇဋိလ ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက် (၂၆–၈–၂၀၀၄ရက်)နံနက် ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက် (၁–၉–၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် ဝေဠုဝန်ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ဝေဠုဝန်ကျောင်းတိုက်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ ဇယဒိသ (ဓမ္မာစရိယ)
သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၅၀)

မန္တလေးတိုင်း၊ချမ်းအေးသာစံမြို့နယ်၊မာရ်အောင်တိုက်၊ ရွှေသဘော်ကျောင်းဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇယဒိသ (ဓမ္မာစရိယ)သည် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၉ ရက် နံနက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်(၂၈–၈–၂၀၀၄ရက်)စနေနေ့ မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပန သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးရဲမြင့် (သဲကုန်း)
(မြန်မာ့ရေနံ၊ ခနိတော)
အသက်(၅၆)နှစ်

ပဲခူးတိုင်း၊ သဲကုန်းမြို့၊ ချောင်းကမ်းကုန်းကျေးရွာနေ ဦးအောင်ပ–(ဒေါ်သန်းမြ)တို့၏သား၊ (ဦးကျင်ရှောင်–ဒေါ်အောင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၆ လမ်း၊ အမှတ် ၄၀ နေ ဒေါ်လေးသင်၏ခင်ပွန်း၊ အောင်ရဲသင်းဦး–မလင်းလင်းအောင်၊ အောင်ရဲသင်းလတ်–မခင်နီလာ၊ မဝါဝါမြင့်၊ မသော်တာဝင်း–မောင်သန်းဝင်းလှိုင်၊ ရဲဝဏ္ဏတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇–၈–၂၀၀၄ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစောမောင်
စက်မှုဌာန(ငြိမ်း)မြန်မာ့ဆိပ်ကမ်း
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊မဟာမြင့်မိုရ်လမ်း၊ အမှတ် ၄၁ (ပထမထပ်)နေ (ဦးပျို–ဒေါ်ကျော့)တို့၏သား၊ (ဦးကျော်သင်း–ဒေါ်ခင်သိန်း)တို့၏ညီ/မောင်၊ (ဦးနီ)–ဒေါ်အုန်းအုန်းမြတ်၊ ဒေါ်တင်မြင့်၊ ဦးကြည်မြင့်(CE) – ဒေါ်ကေခိုင်သင်းတို့၏အစ်ကို၊ (ဒေါ်မြမြစိုး)၏ခင်ပွန်း၊ တူ တူမ ၁၃ ယောက်တို့၏ဦးကြီး၊ မြေး ၂၀ တို့၏အဘိုးသည် ၂၆–၈–၂၀၀၄ရက် နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခဲဒုပ် (ပန်းတနော်)
အသက်(၇၄)နှစ်

ပန်းတနော်မြို့၊ အနော်ရထာလမ်း၊ အမှတ် ၉၉နေ (ဦးဘမောင်–ဒေါ်စိန်ရင်)တို့၏သား၊ ဒေါ်ဖော်တင်၏ခင်ပွန်း၊ ကိုမြင့်ကြည်၊ မမြင့်မြင့်ကြည်၊ ကိုသိန်းဇော်(ခ)နီတွတ်(တိုးတက်အောင်ကုမ္ပဏီ)၊ မသန်းသန်းငွေးတို့၏ဖခင်၊ မောင်သူဇင်၊ မပိုးဖြူဇင်မြင့်၊ မောင်ပြည့်ဖုန်းထက်ဖြိုးတို့၏ အဘိုးသည် ၂၇–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ပို့ဆောင်ဂူသွင်းပါမည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းသောင်း (သာကေတ)
အသက်(၆၆)နှစ်

သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူးပါရုံအရှေ့ ၅ လမ်း၊ အမှတ် ၄၅နေ (ဦးခင်မောင် – ဒေါ်အေး)တို့၏သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးစိုးမြင့်နိုင်(စစ်ဆေးရေးဌာန၊ မြို့တော်စည်ပင်)–မစိုးစိုးမော်၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းမြင့်ထွန်း–ဒေါ်အေးအေးစန်း၊ ဦးခင်မောင်ကြည် (မြန်မာ့ကြံလုပ်ငန်း)–မစိုးစိုးနွယ် (ကျန်းမာရေးဦးစီး)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇–၈–၂၀၀၄ရက် နံနက် ၉း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်သန်း(ခ)ဒေါ်သောင်း
လဝက(ငြိမ်း)တာမွေ
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းစိန်–ဒေါ်ကျင်မြိုင်)တို့၏သမီးထွေး၊ဦးစိုးလှိုင်(အင်္ဂလိပ်စာ)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ တိုက်အမှတ် ၁၃နေ ဦးနိုင်စိုးဦး (ဒု–လဝကမှူး၊ ရုံးချုပ်)–ဒေါ်မြင့်မြင့်သိန်း (ဒု–လဝကမှူး၊ ရုံးချုပ်)တို့၏မိခင်သည် ၂၅–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးယဉ်မောင်ဟန်
(ဒုဦးစီးမှူး၊ စိုက်ပျိုးရေး၊ ကျောက်ဖြူ)
အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်၊ မြောင်းကြီးလမ်းနေ ဒေါ်ဖြူမ၏ခင်ပွန်း၊မခင်ယုဆွေ(သူနာပြုတက္ကသိုလ်ပေါင်းကူးပထမနှစ်၊ရန်ကုန်)၊ မယဉ်ယဉ်ဆွေ(ဓာတုဗေဒဂုဏ်ထူးတန်း၊ ပထမနှစ်၊ စစ်တွေတက္ကသိုလ်)တို့၏ ဖခင်သည် ၂၄–၈–၂၀၀၄ရက်(အင်္ဂါနေ့) ည ၉း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(ဆေးရုံမှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နော်မငွေး
အလယ်တန်းပြဆရာမ(ငြိမ်း)
လက်ပံရွာ(တဲကြီးကုန်း)
အသက်(၅၂)နှစ်

ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ လက်ပံရွာ(တဲကြီးကုန်း)နေ (ဦးလှရွှေ)–ဒေါ်သန်းစိန်တို့၏သမီး၊ ဦးငွေဝင်း၏ဇနီး၊ မစုစုသော် (ဒု–နှစ်၊ စီးပွားရေးတက္ကသိုလ်)၏မိခင်၊ ဦးသန်းဝင်း–ဒေါ်ညွန့်တို့၏အစ်မ၊လှိုင်သာယာမြို့နယ်၊ အမှတ် ၆၊(၁/၁၀)ရပ်ကွက်၊တပင်ရွှေထီးလမ်းနေ ဦးအေးစိုး–ဒေါ်သန်းသန်းစိုး၊ မစပါယ်တို့၏အဒေါ်သည် ၂၆–၈–၂၀၀၄ရက်တွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၈–၂၀၀၄ ရက်(စနေနေ့)ညနေ၃နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(လှိုင်သာယာမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် သြဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါသည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာဟိုးဝပ်ရိုက်ဒါက ၎င်း၏သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် ပေးအပ်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် သြဂုတ် ၂၇

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ●



နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စက်သုံးဆီ ခြိုးခြံချွေတာရေး

❊ ကားတစ်စီး တစ်လစက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာသက်သာမည်။

❊ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီးရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်းသက်သာမည်။

❊ ထိုငွေဖြင့် ရေဝတီမြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နိုင်ပါသည်။